# ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ (24-7-2014) (၇၉၁၁)


**မိုးရွာသွန်းမှု**

၂၃-၇-၂၀၁၄

| | | |
|---|---|---|
| တောင်ငူ | ၅ ဒသမ ၄၃ | လက်မ |
| သထုံ | ၅ ဒသမ ၃၉ | လက်မ |
| ကျောက်ဖြူ | ၄ ဒသမ ၉၂ | လက်မ |
| သံတောင်ကြီး | ၄ ဒသမ ၂၈ | လက်မ |
| ဘီးလင်း | ၄ ဒသမ ၁၇ | လက်မ |
| မြိတ် | ၃ ဒသမ ၉၄ | လက်မ |
| မြန်အောင် | ၃ ဒသမ ၆၆ | လက်မ |
| ချောင်းဆုံ | ၃ ဒသမ ၆၆ | လက်မ |

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်အတွင်းရှိ ကမ်းထောင့်ကြီးကျေးရွာအုပ်စုအား ကမ်းထောင့်ကြီးမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်း

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ အတွင်းရေးမှူး ဦးအေးမောက်က ကော်မတီ၏ ကနဦး အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယင်းအစီရင်ခံစာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာပါ အကြောင်းအရာ၊ အချက်အလက်များအပေါ် အခြေခံ၍ ပြည်ထောင်စုလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဥပဒေကြမ်းတစ်ရပ် တင်ပြနိုင်ရန်အတွက် ကော်မတီ၏ အစည်းအဝေးများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်ခဲ့ပြီး လွှတ်တော်ရပ်နားချိန်များအပါအဝင် အစည်းအဝေးအမှတ်စဉ်(၃၀) အထိ ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီအစည်းအဝေး အကြိမ် ၃၀ အတွင်း ကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၅ ခန်း၊ ပုဒ်မပေါင်း ၄၅၇ ခုနှင့် ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရှိသည့်အနက် အခန်း (၁)၊ အခန်း (၂)၊ အခန်း (၃)၊ အခန်း (၄)၊ အခန်း (၅)၊ အခန်း(၆) နှင့်အခန်း (၁၂) တွင်ပါရှိသည့် ပုဒ်မပေါင်း ၃၄၀ နှင့် စပ်လျဉ်း၍ လေ့လာဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ဖြင့် ဖော်ပြပါရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ဆောင်ရွက်ပေးသည့် စီမံချက်ကိစ္စနှင့် စပ်လျဉ်းသည့် သဝဏ်လွှာနှင့် ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်အတွင်းရှိ ကမ်းထောင့်ကြီးကျေးရွာအုပ်စုအား ကမ်းထောင့်ကြီးမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱



ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ၏အမြင့်ဆုံး ခါကာဘိုရာဇီရေခဲတောင်ထိပ်တွင် မြန်မာနိုင်ငံအလံစိုက်ထူနိုင်ရန် ခရီးစတင်မည်

သီသီမင်း

မြန်မာနိုင်ငံ၏အမြင့်ဆုံးတောင်ဖြစ်သည့် ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်ရှိ ပေပေါင်း ၁၉၂၉၆ ပေရှိသည့် ခါကာဘိုရာဇီရေခဲတောင်ထိပ်တွင် မြန်မာနိုင်ငံ၏ အောင်နိုင်ရေးအလံလွှင့်ထူနိုင်ရန် တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ အဖွဲ့ဝင် ရှစ်ဦးပါဝင်သော တောင်တက်အဖွဲ့သည် ဇူလိုင် ၂၉ ရက်တွင် ခရီးစတင်ထွက်ခွာမည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်က Myanmar Journalist Network (MJN) ရုံးခန်း၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

“ကျွန်တော်တို့ သဘာဝခေါ်သံဖောင်ဒေးရှင်းအဖွဲ့အနေနဲ့ နာယကကြီးများရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရာလည်းရောက်၊ မြန်မာနိုင်ငံရဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထွတ်ဖြစ်သော ခါကာဘိုရာဇီတောင်ထွတ်တစ်နေရာကို သာယာလှပစွာ တွေ့ရစဉ်။

# ထိုင်းနိုင်ငံအစိုးရအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများအား အင်အားအသုံးပြုခြင်း နိုင်ငံမှထွက်ခွာသွားစေလိုခြင်းမရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နေသည်မှာ မဟုတ်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံအမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ ဥက္ကဋ္ဌ General Prayut Chan-o-cha ထံမှ သဝဏ်လွှာတစ်စောင်ပေးပို့လာခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး နှစ်ပေါင်းများစွာ အပြန်အလှန်နားလည်ယုံကြည်မှုရှိစွာဖြင့် ရင်းနှီးချစ်ခင်စွာ နေထိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံအတွင်းရှိ ပြည်သူပြည်သားများသည် တစ်ဦး၏ရိုးရာယဉ်ကျေးမှုကို တစ်ဦးက အပြန်အလှန်လေးစားကာ အတူယှဉ်တွဲနေထိုင်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ဆက်ဆံရေးကောင်းမွန်ခဲ့သော်လည်း မကြာသေးမီက သတင်းဌာနများမှ ထိုင်းနိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားများ၏ အခြေအနေအား

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍




**ကြေးမုံ စာတည်းရှုထောင့် ၂၄-၇-၂၀၁၃၊ ကြာသပတေးနေ့**

# ယဉ်ကျေးမှုအမွေထိန်းသိမ်းစို့လေ

ယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အဖိုးမဖြတ်နိုင်သော အထိမ်းအမှတ်ရတနာဖြစ်သည်။ ယဉ်ကျေးမှုပျောက်လျှင် နိုင်ငံပျောက်မည်ဆိုသည်မှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသော စိတ်ဓာတ်နှင့် ယဉ်ကျေးမှုများ ကွယ်ပျောက်သွားလျှင် နိုင်ငံနှင့်လူမျိုးပါ တိမ်ကောသွားမည်ကို ဆိုလိုခြင်းဖြစ်သည်။

ယဉ်ကျေးမှုထွန်းကားလျှင် နိုင်ငံဂုဏ်ဒြပ်လည်း မြင့်မားထင်ရှားကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်မည်။ မိမိနိုင်ငံနှင့်မိမိလူမျိုးကို ချစ်မြတ်နိုးစိတ် မြင့်မားတိုးတက်နေမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မပြတ်နှိုးဆော်နေရခြင်းဖြစ်သည်။

ယဉ်ကျေးမှုတွင် မြန်မာတို့၏ ဓလေ့စရိုက် အစဉ်အလာများမှအစ ကျန်ရှိနေသေးသော ယဉ်ကျေးမှုအထိမ်းအမှတ်လက္ခဏာများလည်း ပါဝင်ပေသည်။ မြန်မာ့ယဉ်ကျေးမှု အထိမ်းအမှတ်လက္ခဏာများအား နိုင်ငံတော်၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်နိုင်မှုများကြောင့် ယခုအခါ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများ၊ ပုဂံ၊ မြောက်ဦး၊ အင်းဝစသည့် ဒေသများမှာ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ဝင်ခဲ့ပေသည်။

ကျန်ရှိသော ရှေးဟောင်းအမွေအနှစ်များအား ရှာဖွေဖော်ထုတ်ထိန်းသိမ်းခြင်း၊ ရရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်မြှင့်တင်ထိန်းသိမ်းခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်နေခြင်းသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နေနိုင်ရန်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့်လည်း ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် နည်းဥပဒေများကိုလည်း ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များတွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အဆိုပါဥပဒေပုဒ်မ-၄ အရ တစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၆ ခုသတ်မှတ်ထားပြီး ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်းသိရ၍ များစွာဝမ်းမြောက်မိပါသည်။

သို့သော် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများနှင့် အခြားယဉ်ကျေးမှုအမွေအနှစ်ဒေသအချို့၌ ဥပဒေဖြင့် ကန့်သတ်ထားသော ဇုန်များအတွင်း ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ တည်ဆောက်ရန်အတွက် မြေနေရာများ ရှင်းလင်းခြင်းနှင့် ရောင်းဝယ်ခြင်း၊ ပန်းခြံများကာရံရန် တိုင်များစိုက်ထူခြင်း၊ ဈေးဆိုင်များ ဆောက်လုပ်ခြင်း၊ လူနေခြင်းစသည်တို့ပြုလုပ်လျက်ရှိသည်ကို သက်ဆိုင်ရာက အသိပေးထားသကဲ့သို့ ခရီးသွားများလည်း မြင်တွေ့နိုင်မည်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် မိမိတို့၏အကျိုးစီးပွားတစ်ခုတည်းကို သာကြည့်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဥပဒေကို ချိုးဖောက်ရာလည်းရောက်ပါသည်။ ထို့အပြင် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများရှိ မြင်ကွင်းများ ပျက်စီးမှုတို့ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများ၏ ဇုန်ဧရိယာများအတွင်း အထက်ပါဆောင်ရွက်မှုမျိုး လုပ်ကိုင်ပါက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ်မှ ပြန်လည်ရုပ်သိမ်းနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံ၏အဖိုးမဖြတ်နိုင်သောရတနာများဖြစ်ပါသည်။ ထိုအဖိုးတန်ရတနာများ၏ တန်ဖိုးကို ထိုနယ်မြေတွင် နေထိုင်သူများ၊ အသက်မွေးမှုပြုသူများ၊ တာဝန်ရှိသူများက ပိုမိုသတိပြုကြရမည်ဖြစ်ပါသည်။ ထိုသို့ပြုမူမှုလည်း မိမိနိုင်ငံ၏ ဂုဏ်ဒြပ်ထည်ဝါသော ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နေမည်ဖြစ်ပါသည်။ ။

# နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေး၌ အမှာစကားပြောကြားရာတွင် စက်မှုနှင့်သက်မွေးပညာရေးလေ့ကျင့်သင်ကြားမှုသည် အလုပ်အကိုင်ရရှိမှုအခွင့်အလမ်း ပိုမိုရရှိနိုင်စေမည့် ကျွမ်းကျင်မှု၊ အလုပ်အကိုင်ရရှိအဆင်ပြေမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူငယ်များအတွက် ပိုမိုအကျိုးရှိနိုင်မည့် ဘဝရပ်တည်မှုတစ်ခုအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်ပြီး နိုင်ငံများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ စက်မှုနိုင်ငံတစ်ခု ဖြစ်လာစေရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကပါဝင်သောကြောင့် စက်မှုနှင့်သက်မွေးပညာရေး လေ့ကျင့်သင်ကြားမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် စက်မှုနိုင်ငံဖြစ်လာရန်အတွက် လိုအပ်သည့် ကျွမ်းကျင်သောလုပ်သားအင်အားကို ဖြည့်ဆည်းပေးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါပါကြောင်း။

စက်မှုနှင့် သက်မွေးပညာရေးလေ့ကျင့်သင်ကြားမှုဆိုင်ရာအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ မိမိတို့အနေဖြင့် မူဝါဒများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် စက်မှုနှင့် သက်မွေးပညာရေးကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိကနှင့် Development Partners တို့ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စက်မှုနှင့် သက်မွေးပညာရေးကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါက မိမိတို့မြန်မာနိုင်ငံသားအားလုံးသည် အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ Development Partners များမှ ကိုယ်စားလှယ်များသည် စက်မှုနှင့် သက်မွေးပညာရေးလေ့ကျင့်သင်ကြားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရေးနှင့် နည်းပညာတက္ကသိုလ်များအား အဆင့်မြှင့်တင်ဖွင့်လှစ်ရေးတို့အတွက် ပံ့ပိုးသွားကြစေလိုပါကြောင်း၊ နည်းပညာဆိုင်ရာကူညီပံ့ပိုးမှုများ၊ မူဝါဒစည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများမူကြမ်းရေးဆွဲနိုင်ရေးနှင့် သင်ကြားရေးဆိုင်ရာ ကူညီပံ့ပိုးမှုများနှင့် ဆရာ ဆရာမများအတွက် သင်တန်းများပို့ချပေးမှုများ စသည့်ပံ့ပိုးမှုများကို ရေတို၊ ရေရှည်လိုအပ်ချက်များအလိုက် ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အကြံပြုလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များက နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၆၆၀၀ | - | ၆၇၇၄၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၆၆၀၀ | - | ၆၇၇၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၂၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၀၉. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၆. ၇၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၆၀၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၆. ၁၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၅၇. ၅၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၅. ၀၀၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၂. ၂၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၄. ၁၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**






# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန

**ကြေညာချက်အမှတ် (၁/၂၀၁၄)**
**၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်း အသီးသီးတို့နှင့်အတူ လက်တွဲကာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး Action Plan အရ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့မှ ဝိုင်းဝန်းဖြည့်ဆည်းကာ အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။ MSF အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်ရာ၌ အထောက်အပံ့ဖြစ်စေရန်အလို့ငှာ ကျန်းမာရေးအခန်းကဏ္ဍများတွင် ယခင်ကကဲ့သို့ပင် တက်ကြွစွာဖြင့် အစိုးရနှင့်အတူ ဆက်လက်ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်လိုပါသည်။

၃။ ပါဝင်ဆောင်ရွက်နေကြသော နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့အား လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် ထိုကဲ့သို့ ကျန်းမာရေးဆိုင်ရာကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ကြရာ၌ ဒေသခံပြည်သူလူထု၏ လိုလားချက်၊ ဆန္ဒသဘောထားများကို အလေးအနက်ထားကာ လိုက်လျောညီထွေစွာဖြင့် ဆက်လက်ဆောင်ရွက်ပေးကြပါရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှုရှိစွာ တာဝန်ယူ/တာဝန်ခံမှုရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ထပ်လောင်းဖော်ပြအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၃**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအား တတိယအဆင့်အဖြစ် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်နယ်/တိုင်းဒေသကြီးသို့ သွားရောက်ခဲ့သည့် Delivery Unit များ၏ ဖော်ထုတ်တွေ့ရှိချက်များအရ စက်မှုဝန်ကြီးဌာနသည် စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်း (Mobile Vocational Training) များကို ကျေးလက်ဒေသအရောက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက် ၈ နာရီတွင် စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းများတွင် အသုံးပြုမည့် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ တပ်ဆင်ထုတ်လုပ်သော သင်ကြားရေး ရွေ့လျားမော်တော်ယာဉ်အား ကြည့်ရှုစစ်ဆေးပြီး ရွေ့လျားသင်တန်းများ အဆက်မပြတ်ဖွင့်လှစ်နိုင်ရေး၊ အခြားဝန်ကြီးဌာနများမှ ဆောင်ရွက်မည့် ရွေ့လျားသင်တန်းများအတွက် ယခုကဲ့သို့ သင်ကြားရေး ရွေ့လျားမော်တော်ယာဉ် လိုအပ်ချက်များရှိပါကလည်း ထုတ်လုပ်တပ်ဆင်ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

အဆိုပါ သင်ကြားရေး ရွေ့လျားမော်တော်ယာဉ်**(အပေါ်ပုံ)**မှာ 336HP Diesel Engine တပ်ဆင်ထားသော Howo Cargo Truck အမျိုးအစားဖြစ်ပြီး ယင်းအပေါ်၌ အလျားပေ ၂၀၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ကွန်တိန်နာအား တပ်ဆင်အထိုင်ချကာ ကွန်တိန်နာ အတွင်းပိုင်း၌ 10KVA မီးစက်တစ်လုံး၊ 1.5HP Split Type အမျိုးအစား Aircon ၁လုံး၊ နံရံကပ်ပန်ကာ သုံးလုံး၊ သင်ထောက်ကူပစ္စည်း ခေါက်စားပွဲ နှစ်လုံး၊ Projector Wall တစ်ခု ဖြည့်ဆည်းတပ်ဆင်ထားသည်။ အခင်းမှာ ကိုရီးယား Liminated Floor ဖြစ်ပြီး ဘေးအကာမှာ Insulated Aluminium Composite ဖြစ်သည်။ Generator အပြင် 220V Single Phase ဖြင့် အသုံးပြုသင်ကြားနိုင်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်း (Mobile Vocational Training) ကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကမ္ဘစံပြကျေးရွာ၌ ဇူလိုင် ၈ ရက်မှ ၁၈ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား၄၅ဦး တက်ရောက်အောင်မြင်ခဲ့သည်။ အဆိုပါသင်တန်း၌ ဒေသနှင့်ကိုက်ညီသော စက်မှုအခြေခံပညာရပ်များဖြစ်သည့် သံဂဟေဆက်သင်တန်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတို့ကို သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း၊ အလားတူ ဒုတိယအကြိမ် သင်တန်းကိုလည်း ပခုက္ကူခရိုင် မြစ်ခြေတိုက်နယ်၌ ဇူလိုင် ၂၈ ရက်တွင် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နောင် Mobile Vocational Training Unit များ ထပ်မံတိုးချဲ့ပြီး သင်တန်းများ အဆက်မပြတ် ဖွင့်လှစ်နိုင်ရေး စီမံ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❖ မြန်မာနိုင်ငံမှ

အမြင့်ဆုံးတောင်ဖြစ်ပြီး အရှေ့တောင်အာရှရဲ့ အမြင့်ဆုံးတောင်လည်းဖြစ်တဲ့ ဒီကချင်ပြည်နယ်မှာရှိတဲ့ ခါကာဘိုရာဇီရေခဲတောင်ထိပ်မှာ မြန်မာလူငယ်ချည်းသီးသန့်တက်ရောက်ပြီး မြန်မာနိုင်ငံအလံကို ဂုဏ်ယူစွာနဲ့ စိုက်ထူချင်လို့ပါ”ဟု တောင်တက်အဖွဲ့ခေါင်းဆောင် ကိုအောင်မြင့်မြတ်က ပြောသည်။

အဆိုပါ ခါကာဘိုရာဇီတောင်ထိပ်သို့တက်ရောက်ရန်အတွက် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ခရီးစဉ်ရေးဆွဲခဲ့ကြောင်း၊ ခရီးဝေး၊ ခရီးတို၊ ကုန်းတက်၊ ကုန်းဆင်းလေ့ကျင့်ခြင်းများကို ကချင်ပြည်နယ်ရေခဲတောင်များသို့ တက်ရောက်ခြင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တို့တွင် ခရီးဝေးနှင့် ကျောက်တောင်တက်လေ့ကျင့်ခြင်း၊ တောင်တက်ကိရိယာအသုံးပြုမှုလေ့ကျင့်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရှန်ဂရီလာခရိုင်ရှိ ဟာဗားရေခဲတောင်သို့ တက်ရောက်လေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ခါကာဘိုရာဇီရေခဲတောင်တက်ဖို့ ကျောင်းသားဘဝကတည်းက အိပ်မက်မက်ခဲ့ရတာပါ။ အဓိက ကတော့ ငွေကြေးအခက်အခဲကြောင့်ပေါ့။ ၁၉၉၆ မှာ ဂျပန်-မြန်မာချစ်ကြည်ရေးတောင်တက်အဖွဲ့တက်ပြီးတဲ့နောက် ကျွန်တော်တို့အဖွဲ့ စိတ်ဓာတ်တွေနိုးကြားလာပြီး ခါကာဘိုရာဇီတောင်ကိုတက်ဖို့ ကြိုးစားလာခဲ့ကြတာ ၂၀၁၁ ကတည်းကပေါ့။ လိုအပ်ချက်တွေ ထိုင်စောင့်နေရင် ဖြစ်လာမှာမဟုတ်ဘူး။ ဘယ်နိုင်ငံခြားသားဆီမှလည်း အကူအညီ မတောင်းချင်ဘူး။ အခုခရီးစဉ်မှာ မြန်မာနိုင်ငံသားပိုင် ပရီမီးယားနဲ့ ကမ္ဘောဇဘဏ်တို့ကို အကူအညီတောင်းတော့ သူတို့ကကူညီတယ်။ ကျွန်တော်တို့လေးနှစ်လောက် လေ့ကျင့်လာရတဲ့အတွေ့အကြုံတွေ၊ တရုတ်ပြည်မှာရှိတဲ့ ဟာဗားရေခဲတောင်တက်ခဲ့တဲ့ အတွေ့အကြုံတွေ၊ ဒီအတွေ့အကြုံတွေပေါင်းပြီး စုစည်းပြီး တက်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဒီခါကာဘိုရာဇီတောင်ထိပ်မှာ မြန်မာနိုင်ငံသား မြန်မာလူမျိုးတွေ မြန်မာနိုင်ငံအလံကို စိုက်ထူနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ အပြည့်အဝယုံကြည်တယ်”ဟု သဘာဝခေါ်သံဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့်ကပြောသည်။

ယခုခရီးစဉ်သည် ခါကာဘိုရာဇီတောင်ထိပ်ပေါ်သို့ မြန်မာနိုင်ငံသားများချည်း တက်ရောက်ရန် သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ကြိုးပမ်းသည့် ပထမဆုံး ခရီးစဉ်ဖြစ်သည်။ ၁၉၉၆ ခုနှစ်က ဂျပန်လူမျိုး မစ္စတာ အိုဇာကီနှင့် မြန်မာနိုင်ငံသားတိဗက်လူမျိုး နမားဂျွန်စိန်တို့သာတက်ရောက်နိုင်ခဲ့ပြီး တောင်ထိပ်တွင်မြန်မာနိုင်ငံအလံ၊ ဂျပန်နိုင်ငံအလံနှင့် ခရီးစဉ်အတွက်ထောက်ပံ့ပေးသော ထိုင်းနိုင်ငံနှင့်ပြင်သစ်အလံတို့ကို လွှင့်ထူခဲ့သော်လည်း ယခုအခါ မြန်မာလူငယ်များသာ တက်ရောက်မည်ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအလံကို သီးသန့်လွှင့်ထူမည်ဖြစ်ကြောင်း၊ ၎င်းခရီးစဉ်အတွက် အသုံးပြုမည့် အထွေထွေကုန်ကျစရိတ်များနှင့် လိုအပ်သော တောင်တက်ကိရိယာများကို အမေရိကန်နှင့် ထိုင်းနိုင်ငံတို့မှ မှာယူတင်သွင်းပြီး ပရီမီးယားကုမ္ပဏီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့မှ အဓိကပံ့ပိုးပေးထားကြောင်း သိရသည်။ အဆိုပါခရီးစဉ်သည် ရက်ပေါင်း ၆၀ နီးပါးခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

# တောင်တွင်းကြီး-မင်းလှ RBE စာပို့ရထား မကြာမီစတင်ပြေးဆွဲတော့မည်

**နေပြည်တော် ဇူလိုင် ၂၃**

ဧရာဝတီတံတား(မလွန်)အား ၂၀၁၃ ခုနှစ် မေ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် မေ ၁၂ ရက်မှစ၍ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသရှိ မင်းလှမှ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသရှိ တောင်တွင်းကြီးသို့ မြန်မာ့မီးရထားမှ အမှတ်(၁၉၃)အဆန်၊ (၁၉၄)အစုန် စာပို့ရထားများ ပြေးဆွဲပေးခဲ့သည်။

အမှတ်(၁၉၃)အဆန်၊ (၁၉၄)အစုန် ရထားတွင် ခရီးသည်စီးနင်းမှုအရေအတွက် နည်းပါးသဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ် ၃ ရက်မှစ၍ ရထားပြေးဆွဲခြင်းကို ရပ်ဆိုင်းထားခဲ့ရာ ဒေသခံခရီးသွားပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် မြန်မာ့မီးရထားမှ အဆိုပါ တောင်တွင်းကြီး-မင်းလှခရီးစဉ်အား ဇူလိုင် ၂၇ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ရသော ပရာဘိုဝို ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံး၌ ကန့်ကွက်မည်


ဂျကာတာရှိ မဲရုံတစ်ရုံတွင် ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများက မဲများကို ရေတွက်ပြီး စာရင်းပြုစုကြစဉ်။

**ဂျကာတာ ဇူလိုင် ၂၃**

အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ရသော ပရာဘိုဝို ဆူဘီယန်တိုသည် ရွေးကောက်ပွဲရလဒ် နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးတွင် ကန့်ကွက်တိုင်ကြားရန် စီစဉ်လျက်ရှိကြောင်း ၎င်း၏ ရှေ့နေက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ ပရာဘိုဝိုက ကန့်ကွက်သည့်တိုင်အောင် ရွေးကောက်ပွဲရလဒ်မှာ ပြောင်းလဲသွားနိုင်သော အလားအလာနည်းပါးကြောင်း၊ ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲသည် အင်ဒိုနီးရှား နိုင်ငံသမိုင်းတွင် အသန့်ရှင်းဆုံးရွေးကောက်ပွဲဟု ဆိုနိုင်ကြောင်း နိုင်ငံရေးလေ့လာဆန်းစစ်သူများက ပြောကြားကြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ယခင်သမ္မတ ရွေးကောက်ပွဲတွင်လည်း ရှုံးနိမ့်သူများက ကန့်ကွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသို့ တင်ပြခဲ့ကြသော်လည်း အောင်မြင်မှုမရှိကြကြောင်း ဖော်ပြထားသည်။

စုစုပေါင်း မဲအရေအတွက် သန်း ၁၃၀ ခန့်အနက် ၂၁သန်းခန့်မှာ အငြင်းပွားနေသည့် မဲပြားများဖြစ်သည်ဟု ယူဆရကြောင်း ပရာဘိုဝို၏ ဥပဒေအကျိုးဆောင်အဖွဲ့ အကြီးအကဲ မဟိန္ဒြာဒက်တာက ပြောကြားသည်။

သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သူ ပရာဘိုဝိုသည် ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်သည်။ ဂျကာတာမြို့တော်ဝန် ဂျိုကိုဝီဒိုဒိုသည် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၅၃ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိကြောင်း ဇူလိုင် ၂၂ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ ဝီဒိုဒိုသည် ၎င်း၏ ပြိုင်ဘက်ထက် ထောက်ခံမဲ ၈ ဒသမ ၅ သန်းပိုမိုရရှိခဲ့ ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲကာလတွင် မဲလိမ်မှုများရှိခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများနှင့် ပတ်သက်၍ ရွေးကောက်ပွဲ ကော်မရှင်က မှန်မှန်ကန်ကန် စုံစမ်းစစ်ဆေးပေးရန် ပျက်ကွက်ခဲ့သည်ဟု ပရာဘိုဝို၏ အဖွဲ့က စွပ်စွဲပြောကြားခဲ့သည်။

**ရိုက်တာ။**

# ခရီးသည်တင်လေယာဉ် ပစ်ချခံခဲ့ရမှု မလေးရှားပါလီမန်တွင် ပြစ်တင်ရှုတ်ချ

**ကွာလာလမ်ပူ ဇူလိုင် ၂၃**

မလေးရှားလေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်တစ်စင်း ပစ်ချခံခဲ့ရမှုနှင့် ပတ်သက်၍ မလေးရှားပါလီမန် အထူးအစည်းအဝေးတစ်ရပ်တွင် ပြင်းထန်စွာ ရှုတ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

လေကြောင်းခရီးစဉ် အမှတ် အမ်အိပ်ချ် ၁၇ ခရီးသည်တင်လေယာဉ်၏ ကြေကွဲဖွယ်ရာဖြစ်ရပ်ဆိုးနှင့် ပတ်သက်၍ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ပါလီမန် အထူးအစည်းအဝေးသို့ အဆိုတစ်ရပ် တင်သွင်းခဲ့သည်။

ခရီးသည်တင်လေယာဉ် ပျက်ကျခဲ့သည့်နေရာကို ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ခဲ့ခြင်းနှင့် ရုပ်အလောင်းများ လွှဲပြောင်းပေးအပ်ရန် နှောင့်နှေးကြန့်ကြာခဲ့ခြင်းတို့သည် ရိုင်းစိုင်းယုတ်မာပြီး လူမဆန်သော လုပ်ရပ်အဖြစ် မလေးရှား အစိုးရအဖွဲ့က ဒေါသထွက်ရကြောင်းဝန်ကြီးချုပ်နာဂျစ်ကပြောကြားသည်။


ဇူလိုင် ၂၁ရက်က လေယာဉ်ပျက်ကျသည့် နေရာမှ တွေ့ရှိရသော ရုပ်အလောင်းများကို ဒတ်ချ်မှုခင်းဆေးပညာရှင်များက စစ်ဆေးရန် ပြင်ဆင်ကြစဉ်။

အဆိုပါ ခရီးသည်တင် လေယာဉ်သည် ဇူလိုင် ၁၇ရက်က ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသ၌ ပျက်ကျခဲ့သည်။ ယင်းလေယာဉ်သည် ပစ်ချခံရမှုကြောင့် ပျက်ကျခဲ့ရသည်ဟု ယူဆရသည်။ လေယာဉ်ပျက်ကျရမှုနှင့် ပတ်သက်၍ ခိုင်မာသောအထောက်အထားများမရရှိမချင်း မိမိတို့အနေဖြင့် မည်သူ့ကိုမျှ လက်ညှိုးထိုးမည်မဟုတ်ကြောင်း နာဂျစ်က ပြောကြားသည်။

လေယာဉ်ပျက်ကျရမှုနှင့် ပတ်သက်၍ အပြည့်အဝ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် နာဂျစ်က တိုက်တွန်းသည်။

ခရီးသည်လေယာဉ်တစ်စင်းကို ပစ်ချခဲ့ခြင်းသည် အရက်စက်အကြမ်းကြုတ်ဆုံး အကြမ်းဖက်မှုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဒွန်နက်ဒေသ၌ လေယာဉ်ပျက်ကျခဲ့ရာတွင် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၂၉၈ ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူများအနက် ၄၃ ဦးမှာ မလေးရှားနိုင်ငံသားများဖြစ်ကြသည်။

**ရိုက်တာ။**

## ရက်လွန်အသားရောင်းသူ ငါးဦးကို တရုတ်တွင် ဖမ်းဆီး

**ရှန်ဟိုင်း ဇူလိုင် ၂၃**

တရုတ်နိုင်ငံတွင် မက်(စ်)ဒေါ်နဲလ်နှင့် ကေအက်ဖ်စီတို့ အပါအဝင် မုန့်ပဲသရေစာရောင်းချသောဆိုင်များကို ရက်လွန်အသားများ တင်သွင်းခဲ့သည်ဟု စွပ်စွဲခံရသော ကုမ္ပဏီတစ်ခုကို စစ်ဆေးရာတွင် လူငါးဦးဖမ်းဆီးခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အစိုးရပိုင် ဆင်ဟွာသတင်းဌာနက အဆိုပါ ငါးဦးကို ရှန်ဟိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်ဟု ဖော်ပြထားသည်မှအပ အခြားအချက်အလက်များ ဖော်ပြထားခြင်းမပြုပေ။

"ရှန်ဟိုင်းဟူစီဖု" စားသောက်ကုန်ကုမ္ပဏီသည် ရက်လွန်အသားများကို ပြန်လည်ပြုပြင်ကြောင်း ဒေသဆိုင်ရာ မီဒီယာတစ်ခုက ထုတ်ဖော်ကြေညာခဲ့ပြီးနောက် တရုတ်စားသောက်ကုန် စည်းကမ်းထိန်းသိမ်းရေးက ၎င်း"ရှန်ဟိုင်းဟူစီဖု" ကို ပိတ်သိမ်းခဲ့သည်။

ရှန်ဟိုင်းဟူစီသည် အမေရိကန် အခြေစိုက် စားသောက်ကုန်ထုတ်လုပ်ရောင်းဝယ်ရေး အိုအက်စ်အိုင်အုပ်စုမှ တရုတ်နိုင်ငံဆိုင်ခွဲတစ်ခုဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံ၏ စားသောက်ကုန် အရှုပ်တော်ပုံများတွင် ဤဖြစ်ရပ်သည် နောက်ဆုံးဖြစ်စဉ်ဖြစ်သည်။

ရှန်ဟိုင်းအခြေစိုက် "ဒရာဂွန်" ရုပ်သံလိုင်းက တနင်္ဂနွေနေ့တွင် ထုတ်လွှင့်သော သတင်းအစီအစဉ်၌ "ရှန်ဟိုင်းဟူစီ" ကို စွပ်စွဲပြောကြားခဲ့ခြင်းဖြစ်သည်။

မက်(စ်)ဒေါ်နဲလ်နှင့် ကေအက်ဖ်စီတို့က ၎င်းတို့သည် ၎င်းကုမ္ပဏီမှ အသားများကို အသုံးမပြုတော့ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ကြသည်။ **ဘီဘီစီ။**

## ဆူနာမီရေလှိုင်း ကောလာဟလသတင်းကြောင့် ဖိလစ်ပိုင်၌ ပြည်သူများ စိုးရိမ်ထိတ်လန့်ခဲ့ရ

**မနီလာ ဇူလိုင် ၂၃**

ဖိလစ်ပိုင်နိုင်ငံရှိ ဒေသတစ်ခု၌ ဆူနာမီရေလှိုင်းရိုက်ခတ်မည်ဟု မှားယွင်းသော သတိပေးချက်တစ်ရပ်ပေါ်ထွက် ခဲ့ပြီးနောက် ကြောက်လန့်တကြား ဖြစ်နေကြသော ဒေသခံပြည်သူ ရာပေါင်းများစွာမှာ ထွက်ပြေးခဲ့ကြရကြောင်း၊ သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦး နှလုံးရောဂါဖောက်ကာ သေဆုံးခဲ့ရကြောင်း အရပ်ဘက်ကာကွယ်ရေး တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

မြို့တော် မနီလာတောင်ဘက် ၈၈ ကီလိုမီတာ (၅၅မိုင်) အကွာ ကန်ဒီလာရီယာမြို့နှင့် အနီးရှိ မြို့ငယ်များတွင် လည်း ဆူနာမီရေလှိုင်းရိုက်ခတ်မည်ဟု မှားယွင်းသော သတိပေးချက် ပေါ်ထွက်ခဲ့ပြီးနောက် ဒေသခံပြည်သူများမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်ပြေးခဲ့ကြရသည်။ ကောလာဟလတစ်ရပ်ကြောင့် ယင်းသို့ဖြစ်ခဲ့ရခြင်းဖြစ်ပြီး တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ပီတီအိုင်။**

# အီရတ်စစ်သွေးကြွများ ဝင်ငွေရရှိနိုင်ရန် ရေနံစိမ်းနှင့် ဓာတ်ဆီ မှောင်ခိုတင်ပို့


အီရတ်နိုင်ငံမြောက်ပိုင်း၌ စစ်ရေးလှုပ်ရှားနေသော ဆွန်နီ စစ်သွေးကြွများကို တွေ့ရစဉ်။

**ဘဂ္ဂဒက် ဇူလိုင် ၂၃**

အီရတ်နိုင်ငံ၌ ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများက ရေနံမြေလေးခုကို သိမ်းပိုက်ခဲ့ပြီးနောက်ယခုအခါ ဝင်ငွေရရှိနိုင်ရန် ရေနံစိမ်းနှင့် ဓာတ်ဆီကို မှောင်ခိုတင်ပို့ရောင်းချလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆွန်နီစစ်သွေးကြွများက အစ္စလမ္မစ်နိုင်ငံတော် ထူထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ရန်ပုံငွေ ရရှိနိုင်ရန် ၎င်းတို့ ထိန်းချုပ်ထားသော ရေနံမြေများမှ ရေနံကို မှောင်ခိုတင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံမြောက်ပိုင်း၌ မြို့ရွာများကို သိမ်းပိုက်နိုင်ရန် စစ်သွေးကြွများက ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိသည်။ စစ်သွေးကြွများသည် နိုင်ငံမြောက်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သော မိုဆူးလ်မြို့အနီးရှိ အသေးစားရေနံမြေနှစ်ခုကို လွန်ခဲ့သည့်လက သိမ်းပိုက်ခဲ့သည်။

### ထိန်းချုပ်ထား

ယင်းရေနံမြေများသည် အီရတ်နိုင်ငံရှိ ကယ်ကွတ်နှင့် ဘာဆရာမြို့များအနီးရှိ ရေနံမြေကြီးများနှင့် နှိုင်းယှဉ်လျှင် အရွယ်အစား ပမာဏမှာအလွန်သေးငယ်သည်။ ကယ်ကွတ်နှင့် ဘာဆရာရေနံမြေများကို အီရတ်ဗဟိုအစိုးရနှင့် ကာဒစ္စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအစိုးရတို့က ထိန်းချုပ်ထားသည်။

ဆွန်နီစစ်သွေးကြွအဖွဲ့က ထိန်းချုပ်ထားသော ရေနံတွင်းပေါင်း ၈၀ ခန့်ရှိသည်ဟု ကာဒစ္စတန် တာဝန်ရှိသူတို့က ခန့်မှန်းသည်။

ဆွန်နီစစ်သွေးကြွအဖွဲ့သည် မကြာသေးမီရက်သတ္တပတ်များက ကွာယာရာ ရေနံမြေမှ ရေနံစိမ်းကို ချက်လုပ်နိုင်ရန် ဆီးရီးယားနိုင်ငံရှိ ရွှေ့ပြောင်းနိုင်သော ရေနံချက်စက်ရုံများသို့ ပို့ဆောင်ခဲ့ကြောင်း၊ ယင်းရေနံချက်စက်ရုံများက အရည်အသွေးနိမ့် ဓာတ်ဆီကို ချက်လုပ်ပေးပြီး မိုဆူးလ်မြို့သို့ ပြန်လည်ပို့ဆောင်ကာ ရောင်းချကြောင်း အီရတ် တာဝန်ရှိသူများက ပြောကြားကြသည်။ ကွာယာရာရေနံမြေသည် နီနီဗာဒေသ၌ တည်ရှိသည်။

**ရိုက်တာ။**

# မန္တလေးဖြစ်စဉ် သတိတရားနှင့်ယှဉ် အသိတရားအစဉ်ထား

မန္တလေးမြို့တွင် ဇူလိုင်လ ၁ ရက်နေ့၊ ၂ ရက်နေ့နှင့် ၃ ရက်နေ့များတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ဇူလိုင်လ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိလာခဲ့ပါသည်။ ဖြစ်စဉ်၏ နောက်ခံအကြောင်းအရာ ပြည့်ပြည့်စုံစုံ သိရှိလိုက်ရသောအခါ သတိတရားနှင့် အသိတရား နှစ်ပါးတို့၏ အရေးပါမှုကို သတိပြုခံစားလိုက်ရပါသည်။ ပဋိပက္ခတွင် အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရကာ အများပြည်သူ အထိတ်တလန့် အခြေအနေမျိုးကို ကြုံတွေ့ခဲ့ရပါသည်။ ပုဂ္ဂိုလ်ရေး ရန်ငြိုးလေး တစ်ခုကြောင့် ယခုကဲ့သို့ ပြည်သူများ စိတ်မချမ်းမြေ့ဖွယ် အခြေအနေကို ဆိုက်ရောက်ခဲ့ရခြင်း ဖြစ်ပါသည်။ ဤအခြေအနေမျိုး၊ ဤအတွေ့အကြုံမျိုးကို ကျွန်တော်တို့ မန္တလေးသူ၊ မန္တလေးသားများ နောင်ဘယ်သောအခါမှ မကြုံတွေ့လိုတော့ပါ။ အခြားမည်သည့်အရပ်၊ မည်သည့်ဒေသတွင်မှလည်း မကြုံတွေ့ စေလိုတော့ပါ။

**ဖြစ်ရပ်နောက်ခံ အကြောင်းမှာ ဆွေမျိုးနီးစပ်တော်စပ်သူများအကြား ၂၀၁၀ ပြည့်နှစ်ခန့်မှစတင်၍ အပြန်အလှန် ဖြစ်ပွားခဲ့သော ပုဂ္ဂိုလ်ရေးရန်ငြိုး အာဃာတများကတစ်ဆင့် မြစ်ဖျားခံစီးဆင်းလာခဲ့ရာမှ ရဲစခန်းတွင် သားမယားပြုကျင့်မှုဖြင့် လီဆယ်အမှုဖွင့်ခဲ့ခြင်းက စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ဆွေမျိုးနီးစပ်တော်စပ်သူများ ဖြစ်လင့်ကစားတစ်ဖက်နှင့်တစ်ဖက် မပြေသော ရန်ငြိုးများဖြင့် အမှုကြီးများ အပြန်အလှန်ဖန်တီးခဲ့ကြသည်အထိ ဖြစ်ပေါ်ခဲ့ပါသည်။**

ထိုအချိန်တွင် အမှုဆင်၍ လီဆယ်တိုင်ကြားခဲ့သည့် ဖြစ်ရပ်ကို အင်တာနက်၊ လူမှုကွန်ရက်တို့ဖြင့် လှုံ့ဆော်အားဖြည့်လိုက်သောအခါ မတူကွဲပြားသော လူ့အဖွဲ့အစည်း နှစ်ရပ်အကြား ပဋိပက္ခ ဖြစ်ပွားစေမည့် စိတ်ခံစားမှုများ ပိုမိုမြင့်မားပြင်းထန်လာစေခဲ့ပါသည်။ ထို့ကြောင့် ဇူလိုင်လ ၁ ရက်နေ့တွင် မန္တလေးမြို့၌ ပဋိပက္ခဖြစ်စဉ်များ ကူးစက်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နှစ်ဖက်သော လူ့အဖွဲ့အစည်းများအကြားတွင် သံသယနှင့် မလုံခြုံမှုများကို ကြီးမားစွာ ခံစားခဲ့ကြရပြီး တည်ငြိမ်မှုသည်လည်း ရုတ်ခြည်း ပျက်ပြားသွားစေခဲ့ရပါသည်။ ယခင်က ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြသူများအကြား သံသယစိတ်များ တိုးမြင့်ဖြစ်ပေါ်လာခဲ့ ကြပါသည်။ ထိုအချိန်တွင် အရေးကြီးသည်မှာ အသက်ရှင် ရပ်တည်နိုင်ရေးသာဖြစ်သည်ဟူသော အတွေးတို့နှင့်အတူ နေ့ရောညပါ ထိတ်လန့်ခြင်းတို့ဖြင့် ကျော်ဖြတ်ခဲ့ရပါသည်။

သို့သော် မန္တလေးသူ၊ မန္တလေးသားများသည် အချိန်မီ ဆင်ခြင်တုံတရားဖြင့် ထိန်းချုပ်၍ ယိုယွင်းသွားသော အခြေအနေကို ပြန်လည်ထိန်းသိမ်းနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ဆက်တိုက်ဆိုသလို ကောလာဟလများ ထွက်ပေါ်နေသည်ကိုလည်း မန္တလေးမြို့ အသိုင်းအဝိုင်းအတွင်း မြို့နယ်တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆက်သွယ်ကာ သတင်းမှန်များကို အမြန်ဆုံး ဖြန့်ဖြူးခဲ့ကြရပါသည်။ အစိုးရတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြည့်အဝပူးပေါင်းကာ မန္တလေးမြို့ တည်ငြိမ်အေးချမ်းရေးကို မန္တလေးသူ၊ မန္တလေးသားများက ဝိုင်းဝန်းဆောင်ကြဉ်းခဲ့ကြရပါသည်။ အင်တာနက် လူမှုကွန်ရက်တို့၏ စေစားမှုကို အချိန်မီ အသိတရား၊ သတိတရားဖြင့် ဆင်ခြင်နိုင်ခဲ့သည်။

ကျန်ဒေသများသို့ ပျံ့နှံ့ခြင်း မရှိစေရန် နိုင်ငံတော်တာဝန်ရှိသူများက အလေးထား ဆောင်ရွက်ခဲ့ကြသလို မန္တလေးမြို့ အမြန်ဆုံးတည်ငြိမ် အေးချမ်းစေရန်အတွက်လည်း ဘာသာရေးအဖွဲ့ခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် လူထုအလွှာအသီးသီးမှ ကျရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ခဲ့ကြပါသည်။

တစ်ချိန်တည်းမှာပင် ဖမ်းဆီးထိန်းသိမ်းမှုများ၊ စစ်ဆေးအရေးယူမှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်ချက်အရ ဇူလိုင်လ ၁၇ ရက်နေ့အထိ ပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်၍ အမှု ၁၉ မှု တရားစွဲတင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၄၉ ဦးကို ဖမ်းဆီးအရေးယူနိုင်ရေး တရားစွဲဆိုဆောင်ရွက်လျက်ရှိကြောင်း သိရှိ ရပါသည်။

## မန္တလေးသားတစ်ဦး

မန္တလေးမြို့၏ အထက်ဖော်ပြပါ မတည်ငြိမ်သော အခြေအနေများကြောင့် ပုဒ်မ ၁၄၄ ဖြစ်သော ကန့်သတ်အမိန့်အား ထုတ်ပြန်ခဲ့ရပါသည်။ မန္တလေးပြည်သူလူထုအနေဖြင့် ယခင်က လွတ်လပ်စွာ နေ့စဉ် လုပ်ငန်းဆောင်တာများကို လုပ်ကိုင်နိုင်ခဲ့ကြသော်လည်း ယခုအချိန်၌ ကန့်သတ်မှုများကြားတွင် လုပ်ငန်းများ ဆောင်ရွက်နေကြရပါသည်။ လုံခြုံရေးအရကန့်သတ်ချက်များအပေါ် ကျော်လွန်ဖောက်ဖျက်မှုများအတွက် အရေးယူလျက်ရှိရာ အမှုပေါင်း ၃၄၉ မှု၊ လူပေါင်း ၈၃၄ ဦး အရေးယူခံထားရသည်ကိုလည်း တွေ့မြင်ရပါသည်။ သွေးထိုးလှုံ့ဆော်မှုကြောင့် ပဋိပက္ခမရှိခဲ့လျှင် ဆူပူအကြမ်းဖက်မှုများလည်း မဖြစ်နိုင်သလို လုံခြုံရေး၊ တည်ငြိမ်ရေးအရ ကန့်သတ်တားမြစ်ရန်လည်းမရှိသဖြင့် ယခုကဲ့သို့ အရေးယူခံရဖွယ်လည်း ရှိမည် မဟုတ်ပါ။ အရင်းအနှီးများ ပေးဆပ်ခဲ့ရခြင်းအပေါ် သင်ခန်းစာ ရယူဖွယ်ဖြစ်ပါသည်။

**ယင်းကာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များမှာ နေ့မအားညမနား လုံခြုံရေးတာဝန်များ ရယူကြရာ၌ သတင်းထွက်ပေါ်ရာ နေရာသို့ အမြန်ဆုံးဝိုင်းဝန်းဖြေရှင်းခဲ့ကြရပါသည်။ မိမိတို့မြို့တော် တည်ငြိမ်အေးချမ်းရေးအတွက် ၂၄ နာရီပတ်လုံး နေပူမိုးရွာမရှောင် တာဝန်ယူပေးခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မန္တလေးမြို့သူ မြို့သားများက စားသောက်ဖွယ်ရာများ၊ ဖျော်ရည်များ ပေးအပ်ခဲ့ကြသည့်မြင်ကွင်းမှာလည်း အပူများကြားမှ မြင်ရသူကို အေးမြစေသည့်ပုံရိပ်များဖြစ်ခဲ့ရပါသည်။ ဤမြို့တော်ကြီး ပဋိပက္ခများအကြား ပျက်စီးမသွားစေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးစားပမ်းစား ဆောင်ရွက်ပေးနေရသည်ကိုလည်း မန္တလေးမြို့သူ၊ မြို့သားများအနေဖြင့် အပြည့်အဝ နားလည်စာနာမှုနှင့်အတူ ဝိုင်းဝန်းပူးပေါင်းခဲ့ကြသည်။**

ရခိုင်ပြည်နယ်မှစတင်၍ ပြည်တွင်းဒေသအချို့သို့ ကူးစက်လောင်ကျွမ်းခဲ့သော ပဋိပက္ခများ ငြိမ်းသတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ဆဲ တည်ငြိမ်စပြုဆဲကာလတွင် မန္တလေးမြို့၌ ဖြစ်ပွားလာခဲ့ခြင်းဖြစ်ပါသည်။ ဘာသာရေး၊ လူမျိုးရေးကို အခြေခံသော ကောလာဟလများမှာ သာမန်ကောလာဟလများထက် ပိုမို၍ သက်ရောက်မှု ပြင်းထန်ပါသည်။ မည်သို့ပင် သွေးထိုးလှုံ့ဆော်ကြစေကာမူ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာနှင့် အတူတကွ နေထိုင်လာခဲ့ကြသည့် အစဉ်အလာ၊ ဘာသာချင်းမတူညီသော်လည်း အသွင်တူသော မန္တလေးသူ၊ မန္တလေးသားဆိုသည့် ဒေသစွဲစိတ်၊ ငြိမ်းချမ်းစွာအတူနေကြသည့် အခြားသောဒေသများအတွက်ပါ အတုယူစရာ စံနမူနာပြလူ့အဖွဲ့အစည်းတစ်ရပ်ဆိုသည့် ဂုဏ်သတင်းများနှင့်အတူ သံဃာတော်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ နှစ်ဖက်ဘာသာဝင်များမှ လူမှုရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် မြို့လူထုတို့သည် ဖြစ်ပေါ်လာသော အခြေအနေများကို အတူလက်တွဲ ရင်ဆိုင်ခဲ့ကြပြီး လူ့အဖွဲ့အစည်းအတွင်း အထူးလိုအပ်သော အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုသည့် တန်ဖိုးကို နိုင်ငံသားစိတ်ဓာတ်၊ မန္တလေးစိတ်ရင်းတို့ဖြင့် အထင်အရှား ပြနိုင်အောင် ကြိုးပမ်းနိုင်ခဲ့ကြသည်။ ဘာသာမတူ၊ လူမျိုးချင်းမတူသော်လည်း တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ကာ တစ်မိုးအောက်တွင် အတူယှဉ်တွဲနေထိုင်ခဲ့ကြသူများ အချင်းချင်းလည်း မန္တလေးသားစိတ်ဓာတ်ဖြင့် ရိုင်းပင်းကူညီခဲ့ကြပါသည်။ အချိန်မီ သတိတရား၊ အသိတရားတို့ဖြင့် ပြည်သူများမှ လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ခဲ့သည်မှာ မန္တလေးမြို့အတွက်သာမက မိမိတို့ လူ့အဖွဲ့အစည်းအတွက် လည်း စံနမူနာကောင်းတစ်ရပ်ဟု ရှုမြင်နိုင်ပါသည်။

**ဘာသာမတူ၊ လူမျိုးချင်းမတူသော်လည်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကာ တစ်မိုးအောက်တွင် အတူယှဉ်တွဲနေထိုင်ခဲ့ကြသူများ အချင်းချင်းလည်း မန္တလေးသားစိတ်ဓာတ်ဖြင့် ရိုင်းပင်းကူညီခဲ့ကြ။**

ယနေ့မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လျှောက်လှမ်းနေရသည့် အခါသမယဖြစ်ပါသည်။ မမျှော်လင့်ဘဲ ကြုံတွေ့လာခဲ့ရသည့် စိန်ခေါ်မှုများတွင် မတူကွဲပြားသော ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံသား၊ ဘာသာစကား၊ မျိုးနွယ်စု၊ လိင်ကွဲပြားမှုစသည့် ထိလွယ်ရှလွယ် အကဲဆတ်လွယ်သော ကိစ္စရပ်များ ပါဝင်ပါသည်။ ထိုကဲ့သို့ မတူကွဲပြားမှုအပေါ် အခြေခံ၍ ဖြစ်ပေါ်သော မှုခင်းများသည် အကြမ်းဖက်မှု ပဋိပက္ခများကို ဦးတည်သည့် စိတ်ခံစားမှုများကို လျင်မြန်လွယ်ကူစွာ ဖြစ်ပေါ်စေတတ်ပြီး လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးသို့ ကြီးစွာသော ဆိုးကျိုးနှင့် အမုန်းတရားများကို အချိန်တိုအတွင်း ပျံ့နှံ့ဖြစ်ပေါ်စေတတ်ပါသည်။ အထူးသဖြင့် အကျိုးဖျက်ဆီးမှုများသည် နှစ်ဖက်လူ့အဖွဲ့အစည်းတို့ အလေးထားရာ အဆောက်အအုံများ၊ အခြေပြုရာ ဗဟိုနေရာများသို့ ဦးတည်တတ်သဖြင့် သတိပြု၍ ကြိုတင်ကာကွယ်ထားရန် လိုအပ်ပါသည်။ အဆိုပါ ပဋိပက္ခမျိုးသည် လျင်မြန်စွာ ကူးစက်နိုင်သည့် သဘောသဘာဝရှိသောကြောင့် မတူကွဲပြားသည့် လူအုပ်စုများအကြား ၎င်းတို့၏ ယုံကြည်ရာအယူအဆများကို အပြန်အလှန် လေးစားနိုင်ရေး၊ ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ နားလည်သည်းခံနိုင်မှုစွမ်းရည် မြှင့်တင်နိုင်ရေးတို့အတွက် လူထုအဖွဲ့အစည်းများ အချင်းချင်း တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ရယူဖော်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ပြင် မတူကွဲပြားသည့် အခြေအနေများကို အကြောင်းပြု၍ ပဋိပက္ခများ၊ အကြမ်းဖက်မှုများ ဖြစ်စေရန်စေ့ဆော်ရေးသားမှု၊ လှုံ့ဆော်မှုများကိုလည်း ထိထိရောက်ရောက် ကြိုတင်ကာကွယ်ရန် လိုအပ်ကြောင်းကို မန္တလေးမြို့ဖြစ်စဉ်အတွင်းထင်ရှားသော သာဓကတစ်ခုအဖြစ် တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုစေ့ဆော်မှု၊ လှုံ့ဆော်မှုများသည် အထူးသဖြင့် အင်တာနက် လူမှုကွန်ရက် စာမျက်နှာများတွင် ဆောင်ရွက်ကြကြောင်းတွေ့ရှိရပြီး ၎င်းတို့အား ပြေပျောက်စေရန်အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာ၏ ပါဝင်မှုသည်အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။ မီဒီယာများသည် သတင်းအချက်အလက်များကို ပြည်သူလူထုထံသို့ အမြန်ဆုံးနှင့် အထိရောက်ဆုံး ပေးပို့နိုင်သည့်စွမ်းရည်များ ရှိနေခြင်းကြောင့်ပင် မဟုတ်ပါလား။ သို့သော် မမှန်သတင်းများ၊ လှုံ့ဆော် သတင်းများ မဟုတ်ဘဲ သတင်းမှန်များ၊ ဖြစ်ရပ်မှန်များ ဖြစ်ရန်မှာမူ အရေးကြီးပါသည်။

လူ့ဘောင်အဖွဲ့အစည်းတို့တွင် လူသားများရှိနေသရွေ့ လူသားများ အချင်းချင်းအကြား ဖြစ်ပွားသောအမှုအခင်းများ ရှိနေမည်သာ ဖြစ်ပါသည်။ ပုဂ္ဂလိကတစ်ဦးချင်း ဖြစ်ပွားသော ပြဿနာများမှ မှုခင်းများဖြစ်လာကြခြင်း ဖြစ်ပါသည်။ ထိုမှုခင်းများအား ဖြေရှင်းရန်အတွက်လည်း နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရသော အဖွဲ့အစည်းများရှိပြီးဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများက တရားမျှတစွာ၊ မှန်ကန်စွာ စုံစမ်းစစ်ဆေးဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ အရေးယူခြင်းအမှု ပြုကြရပါသည်။ ဤသည်ပင်လျှင် တရားဥပဒေစိုးမိုးရေး ဖြစ်ပါသည်။ သို့ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်အစား တရားဥပဒေမဲ့ လူအုပ်စုဖြင့် ဆန္ဒ၊ ဒေါသကို ရှေ့ထား၍ ဆောင်ရွက်ကြမည်ဆိုလျှင် ဦးဆောင်သူနှင့် ပါဝင်သူများပါ ပြစ်မှုကျူးလွန်ရာ ရောက်ကြလိမ့်မည်ဖြစ်ပေသည်။ ထိုကဲ့သို့ ဥပဒေမဲ့ လူအုပ်စု အားကိုး၍ ဆောင်ရွက်ခဲ့ကြသဖြင့် အရေးယူခဲ့ရသည့် သာဓကများနှင့် ဖြစ်ရပ်များစွာအထင်အရှားရှိခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာ ဆန္ဒအလျောက်၊ ဒေါသအလျောက်သာ ဆောင်ရွက်နေကြမည်ဆိုလျှင် တရားဥပဒေ စိုးမိုးရေးအစား အာဃာတ တရားစိုးမိုးရေးသာ ဖြစ်သွားနိုင်သည်ကိုလည်း အထူးသတိပြုအပ်ပေသည်။ အမှန်စင်စစ်ကြီးမားသော အန္တရာယ်သို့ လက်တစ်ကမ်း ရောက်ခဲ့ရသည့် မန္တလေးမြို့ ပဋိပက္ခဖြစ်ရပ်ကို ကြည့်မည်ဆိုလျှင် ဖြစ်စေခဲ့သော အကြောင်းမှာ ဆွေမျိုးနီးစပ်တော်သူများအကြား ပုဂ္ဂလိကမုန်းတီးမှု၊ ပုဂ္ဂိုလ်ရေး ရန်ငြိုးသက်သက်ဖြစ်ကြောင်း တွေ့ရှိရသော်လည်း မမှန်သတင်းဖြန့်မှု၊ သွေးထိုးလှုံ့ဆော်မှုများရှိခဲ့သောကြောင့် ဖြစ်ပွားရကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ကိစ္စမြားမြောင် လူတို့ဘောင်တွင် အခြေအနေအရပ်ရပ်အား ဆင်ခြင်တုံတရားနှင့်ယှဉ်၍ သတိနှင့် အသိ အစဉ်ထားအပ်ကြောင်း တင်ပြလိုက်ရပါသည်။ ။



## ✳ ပြည်ထောင်စုလွှတ်တော်မှ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၉၄ ခုနှစ် မတ် ၃၁ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၈/၂၀၁၃) ဖြင့် ၂၀၁၃ခုနှစ် ဇူလိုင် ၂၉ ရက်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အသစ်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုသာမက အခြားအခွင့်အလမ်းများကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပါကြောင်း။

အဆိုပါအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးရာတွင် ရင်းနှီးမြှုပ်နှံသူအနေဖြင့် ကော်မရှင်မှခွင့်ပြုမိန့်ရရှိသည်နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၅)နှစ်ကို ခံစားခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို လုပ်ငန်းရှင်က အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာခြင်းအပေါ်တွင် ကော်မရှင်က စိစစ်ခွင့်ပြုပေးရမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတွင် နိုင်ငံသားများ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များက တင်ပြလျှောက်ထားလာမှုများကို တတ်နိုင်သမျှ ခံစားခွင့်ပြုပေးလျက်ရှိပါကြောင်း။

ဤသို့အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ အခွင့်အရေးများ၊ အာမခံချက်များအား မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေက ခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါဥပဒေကို ကျင့်သုံးကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ တင်သွင်း၍ ခွင့်ပြုမိန့်ရယူဆောင်ရွက်ခြင်းနည်းပါးလျက်ရှိပါကြောင်း၊ ဤသို့ ခွင့်ပြုမိန့်ရယူဆောင်ရွက်ခြင်း မပြုသည့်အတွက် အခွင့်အရေးများဆုံးရှုံးနေသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

ထိုသို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို အသုံးပြုမှု နည်းပါးရခြင်း၏ အကြောင်းရင်းများအနက် အဓိကအကြောင်းအရင်းသည် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းထားရှိမှုကို သိရှိမှုအားနည်းခြင်းကြောင့်ဖြစ်ပြီး အခြားအကြောင်းများမှာ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ကျင့်သုံးနိုင်ကြောင်း သိရှိသော်လည်း ခွင့်ပြုမိန့်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားလည်သဘောပေါက်မှုမရှိခြင်းကြောင့် ဥပဒေအား ကျင့်သုံးဆောင်ရွက်လိုမှုမရှိခြင်း၊ အချို့သော လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို သိရှိသော်လည်း ကော်မရှင်သို့ အဆိုပြုလွှာ တင်ပြရာတွင် ပူးတွဲတင်ပြရမည့် မြေပိုင်ဆိုင်မှုအထောက်အထား၊ ငွေကြေးခိုင်မာမှုအထောက်အထားစသည့် လိုအပ်သော အထောက်အထားများကို မတင်ပြလိုခြင်း၊ မတင်ပြနိုင်ခြင်းကြောင့် ကော်မရှင်သို့ ဆက်သွယ်ဆောင်ရွက်မှုမပြုခြင်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

သို့ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို နိုင်ငံသားများ ကျယ်ပြန့်စွာ သိရှိနားလည်စေရေးအတွက်လည်းကောင်း၊ ယင်းဥပဒေအရ ဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ၊ ခံစားခွင့်ရှိသည့် အခွင့်အရေးများကို တိုင်းဒေသကြီး/ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ သိရှိနားလည်လာစေရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဦးဆောင်၍ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်းကြောင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ နှစ်စဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁/၂၀၁၂) ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို စတင်ပြင်ဆင်ရေးဆွဲစဉ်ကတည်းက ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်တည်းအဖြစ် ထားရှိရန် စဉ်းစားခဲ့သော်လည်း အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းပြီးမှ ဥပဒေနှစ်ရပ်ပေါင်းစည်းရေးကို ဆောင်ရွက်ရန် အကြံပြုချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုသာ စတင်ပြင်ဆင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပါဥပဒေများအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ခွင့်ပြုပေးလျက်ရှိရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ် ပြဋ္ဌာန်းထားခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အမြင်တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် ခွဲခြားဆက်ဆံမှုရှိသည်ဟု ယူဆသကဲ့သို့ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများကလည်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအခွင့်အရေးပေးထားသည်ဟု အယူအဆလွဲမှားခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ ကတိကဝတ်များကိုလည်း လိုက်နာကျင့်သုံးရမည်ဖြစ်ရာ ၂၀၁၂ ခုနှစ် မတ် ၂၉ ရက်တွင် အသက်ဝင်ခဲ့သည့် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အရ နိုင်ငံသားနှင့် နိုင်ငံခြားသား ခွဲခြားဆက်ဆံမှုမပြုခြင်း၊ မျှတ၍ တူညီသော အခွင့်အရေးပေးခြင်းစသည့် အဆိုပါ သဘောတူစာချုပ်ပါ ကတိကဝတ်များကို လိုက်နာကျင့်သုံးရမည့် တာဝန်ရှိသည့်အပြင် အခြားအာဆီယံနိုင်ငံများနည်းတူ ရင်းနှီးမြှုပ်နှံမှုဥပဒေကို တစ်ခုတည်းသာ ထားရှိရန် လိုအပ်လာပါကြောင်း။

သို့ပါ၍ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ် ပေါင်းစည်းခြင်းဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်များ၊ အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ပါ လမ်းညွှန်ချက်များနှင့် ညီညွတ်စေမည်ဖြစ်ပါကြောင်း။

ဥပဒေနှစ်ရပ် ပေါင်းစည်းခြင်းအားဖြင့် တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားများ ဥပဒေတို့၏ အားနည်းချက်များကို ပြင်ဆင်ကာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်ရာတွင် ယခုထက် ပိုမိုကောင်းမွန်သည့် ဥပဒေတစ်ရပ်အဖြစ် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်၍ အဆိုပါ ဥပဒေပေါင်းစည်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လွှတ်တော်အဆင့်ဆင့်သို့ တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါဥပဒေ ပြဋ္ဌာန်းပြီးသည့်အခါ နည်းဥပဒေကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးကျော်ကျော်က နိုင်ငံတော်သမ္မတထံမှ သဘောထား မှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်က အတည်ပြုထားသည့်အတိုင်း ပြန်လည်အမှတ်စဉ်သွားမည်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုထားသည့်အတိုင်း ပြင်ဆင်၍ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရေးအတွက် ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီး ဦးဇေယျာအောင်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ(၆)လ နိုင်ငံတော်အရအသုံး စာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့်စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၈/၂၀၁၄) အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ငွေလုံးငွေရင်း ခေါင်းစဉ်တွင် သုံးစွဲခွင့်ရသော တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီ၏ အတည်ပြုချက်ရယူထားခြင်းမရှိမှု၊ နိုင်ငံတော်ပိုင်ပစ္စည်းနှင့် ဘဏ္ဍာရန်ပုံငွေမှ ကျခံဆောင်ရွက်ထားသော်လည်း ရရှိလာသောဝင်ငွေကို နိုင်ငံတော်ရငွေစာရင်းတွင် မထည့်သွင်းဘဲ ရုံးဌာန၏ သီးခြားဖွင့်လှစ်ထားသည့် အခြားခေါင်းစဉ်အောက်တွင် စာရင်းထည့်သွင်းထားမှု၊ ငွေလုံးငွေရင်းခေါင်းစဉ်တွင် သုံးစွဲခွင့်ရသော တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်းမပြုဘဲ ဌာန၏ အစီအစဉ်ဖြင့် ဆုံးဖြတ်ဆောင်ရွက်ထားမှု၊ ဘဏ္ဍာရေးနှစ်၏ ထည့်ဝင်လျာထားစာရင်းတွင် မပါဝင်သည့် အသုံးစရိတ်များကို မသက်ဆိုင်သည့် ခေါင်းစဉ်များတွင် သုံးစွဲထားမှု၊ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအား သာမန်အသုံးစရိတ်ဖြင့် သုံးစွဲထားမှု၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲထားသော်လည်း အသုံးစရိတ်များတွင် ပြေစာတင်ပြနိုင်ခြင်းမရှိမှု၊ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ခွဲဝေရရှိထားသည့် ရန်ပုံငွေကို သုံးစွဲခြင်းမရှိပါက ပိုလျှံငွေအဖြစ် ပြန်လည်အပ်နှံရမည်ကို နောင်ဘဏ္ဍာနှစ်များတွင် ထုတ်ယူသုံးစွဲနေမှု၊ နိုင်ငံပိုင်စက်ရုံများအား ပုဂ္ဂလိကသို့ စာချုပ်ချုပ်ဆိုငှားရမ်းသော်လည်း စာချုပ်ပါအတိုင်း သတ်မှတ်ရက်အတွင်း ရငွေကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သို့ ပေးသွင်းထားခြင်းမရှိမှု၊ နိုင်ငံတော်ပိုင်ငွေအား ပေးသွင်းရမည့်ရက်ထက် ကျော်လွန်ပြီး ငွေသားများအား လက်ဝယ်ကိုင်ထားရှိမှု၊ နိုင်ငံတော်ပိုင်ပစ္စည်းများအား ထုခွဲရောင်းချမှုနှင့် ငှားရမ်းမှုတို့တွင် အမှားအယွင်းနှင့် နှောင့်နှေးမှု၊ အခွန်ငွေများ ပြည့်ပြည့်ဝဝကောက်ခံမရရှိမှု၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့ငွေများနှင့် ရငွေများအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းနှင့် ဝန်ကြီးဌာနအရအသုံးစာရင်းတွင် ဖော်ပြထားခြင်းမရှိမှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ဖောက်ဖျက်မှုဆိုင်ရာ ကိစ္စရပ်များကို အသီးသီးဆွေးနွေးကြသည်။

အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းလွယ်ကူသော ဥပဒေများ ပြဋ္ဌာန်းရန်လိုအပ်ခြင်း၊ ကောင်းမွန်သည့် အခွန်ဝန်ဆောင်မှု၊ အခွန်ပညာပေးမှုများ ပိုမိုလိုအပ်ခြင်း၊ ထိရောက်ဟန့်တားသည့် ပြစ်မှုပြစ်ဒဏ်များ ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး၊ အခွန်ကောက်ခံမှုဆိုင်ရာ ရှင်းလင်းလွယ်ကူသော ဥပဒေများပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အခွန်ဥပဒေများကို ပြင်ဆင်ရေးဆွဲခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ခေတ်မီသော နည်းပညာများ တပ်ဆင်အသုံးပြုနိုင်ရေး၊ အခွန်ပညာပေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး၊ ရှင်းလင်းလွယ်ကူသော အခွန်ဥပဒေများကို ဆောင်ရွက်ပြီးသည့်အခါ အခွန်ထမ်းများနှင့် အခွန်ဝန်ထမ်းများသည် တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ပျက်ကွက်မည်ဆိုပါက ထိရောက်ဟန့်တားသည့် ပြစ်မှုပြစ်ဒဏ်များချမှတ်အရေးယူ ဆောင်ရွက်ခြင်းအားဖြင့် ကောင်းမွန်သည့် အခွန်စနစ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအကူအညီဖြင့် အခွန်တိမ်းရှောင်သူများကို ဖော်ထုတ် စည်းကြပ်နိုင်ရေးအတွက် အခွန်ခွဲဝေပေးနိုင်ရေးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး အခွန်ဘဏ္ဍာငွေ တိုးတက်ကောက်ခံနိုင်ရေးအတွက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းနိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများကို ဖိတ်ကြားပြီး ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ယခုထက်ပိုမို၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို သိရှိနိုင်ရန်နှင့် အလေးထားလိုက်နာနိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် သင်တန်းများဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဒေသစာရင်းရုံးများသည် ဥပဒေနှင့်အညီ တာဝန်ပေးမှုများအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လ လက်ကျန်စာရင်းများ၊ လုပ်ငန်းများနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လ စာရင်းများ၊ လုပ်ငန်းဆောင်ရွက်မှုအား ၂၀၁၃ ခုနှစ် အောက်တိုဘာ စတုတ္ထရက်သတ္တပတ်မှ ၂၀၁၄ ခုနှစ် မေလပထမရက်သတ္တပတ်အထိ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ အစီရင်ခံစာကို ဥပဒေနှင့်အညီ တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တင်ပြခဲ့သည့်အစီရင်ခံစာပါ အကြောင်းအရာများသည် သက်ဆိုင်ရာဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက တာဝန်ယူစီမံဆောင်ရွက်ရသည့်ဌာနများမှ အဆင့်မြင့်ဆုံးတာဝန်ရှိသူများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယစာရင်းစစ်ချုပ်နှင့် ဒေသစာရင်းစစ်ရုံးများမှ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်များ ဌာနတစ်ခုချင်းစီတွေ့ဆုံ၍ ပြန်လည်သုံးသပ်ဆွေးနွေးခြင်းပြုလုပ်ပြီး သက်ဆိုင်ရာဌာနများက စစ်ဆေးတွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဌာနများက မှန်ကန်ကြောင်း အတည်ပြုခဲ့သော အကြောင်းအရာများသာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ အမှတ်စဉ် (၈/၂၀၁၄)ပါ သုံးသပ်ချက်(၁၅)ချက်၊ သဘောထားမှတ်ချက် (၄) ချက်တို့သည် သက်ဆိုင်ရာဌာနများက သင့်လျော်မှန်ကန်သော လက်တွေ့ကျကျ ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ရမည့်အချက်များ၊ အရေးယူဆောင်ရွက်ရမည့်အချက်များ ဖြစ်သည်ဟု မှတ်ယူကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊ ဒေသစာရင်းစစ်ရုံးများသည် ဥပဒေနှင့်အညီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လနှင့် နှစ်ချုပ်စာရင်းများနှင့် စပ်လျဉ်း၍လည်း ၂၀၁၄ ခုနှစ် ဧပြီ နောက်ဆုံးရက်သတ္တပတ်မှ စတင်ပြီး စာရင်းနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား စစ်ဆေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကော်မတီဝင် ဦးညီညီမြင့်က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၈/၂၀၁၄)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၈/၂၀၁၄)ကို လွှတ်တော်က သဘောတူကြောင်းနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ(၆)လ နိုင်ငံတော်အရအသုံးစာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၃**

အမေရိကန်နိုင်ငံ George Washington တက္ကသိုလ်မှ Professor Ms. Christina Fink အပါအဝင် နှစ်ဦး၊ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှ အဖွဲ့ဝင် ၂၉ ဦး၊ ညောင်ဦးမြို့နယ်မှ လေ့လာသူ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၉၇ ဦး၊ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၃၃ ဦးနှင့် Myanmar Egress ၏ Enterprising Leadership for Democratic Governance (E002) သင်တန်းမှ ကြီးကြပ်သူများနှင့် သင်တန်းသား ၅၂ ဦး စုစုပေါင်း ၂၁၅ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၁၀)ကြိမ်မြောက်ပညာဒါန ငွေ၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများလှူဒါန်း

**တပ်ကုန်း ဇူလိုင် ၂၃**

နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာစာသင်တိုက် တိုက်အုပ်၊ စာချကထိက နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တပညာသာမိနှင့် အလှူရှင် ကိုဖိုးသား-မဘိုမ (တော်ဝင်ကွမ်းယာ)မိသားစုတို့က ပညာပါရမီကုသိုလ်အဖြစ် ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်အုပ်စု လင့်စင်ကုန်းကျေးရွာ အခြေခံမူလတန်းကျောင်းရှိ ကျောင်းသားကျောင်းသူ ၇၂ ဦး၊ ဆရာ ဆရာ ငါးဦးတို့အတွက် ကျောင်းဝတ်စုံ(အဖြူ/အစိမ်း)နှင့် လိုအပ်သော စာအုပ်စာတမ်းများ၊ စာရေးကိရိယာများကိုလည်းကောင်း၊ ကျောင်းဆောင်သစ်အတွက် ပထမအကြိမ် အလှူငွေကျပ် ဆယ်သိန်းကိုလည်းကောင်း ဇူလိုင်လ တတိယပတ်တွင် လင့်စင်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ဂျိုးဖြူလမ်းပေါ်ရှိ အမှိုက်ပုံများကြောင့် သွားလာရခက်ခဲနေ

**ရန်ကုန် ဇူလိုင် ၂၃**

မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် ဂျိုးဖြူလမ်းပေါ်ရှိ အမှိုက်ပုံများကြောင့် ရပ်ကွက်နေပြည်သူများ အနံ့ဆိုးများ ခံစားနေရပြီး သွားလာရခက်ခဲနေကြောင်း သိရသည်။

"မကြာခဏတော့ လာသိမ်းနေတာတွေ့တယ်။ အကုန်လုံးသိမ်းမသွားတော့ အနံ့ဆိုးတွေထွက်နေတာပေါ့။ မိုးတွင်းဆိုတော့ မိုးရေနဲ့အတူ အမှိုက်တွေက လမ်းပေါ်မှာ ဖွေးနေတာပဲ။ ဒီလမ်းက ဈေးနဲ့ကျောင်းကိုသွားတဲ့လမ်းဖြစ်နေတော့ ဂရုစိုက်ပြီးလုပ်ပေးသင့်တယ်"ဟု အဆိုပါရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မြို့တော်စည်ပင် သာယာနယ်နိမိတ်အတွင်း လင်းပြောင်စနစ်ကျင့်သုံးဆောင်ရွက်နေသော်လည်း အဆိုပါရပ်ကွက်ရှိ ဂျိုးဖြူလမ်းပေါ်တွင် ထိုကဲ့သို့ အချိန်မီလာရောက်သိမ်းယူခြင်းမရှိသည့် အမှိုက်ပုံ ငါးပုံခန့်ရှိကြောင်း သိရသည်။

ယခုအခါ မိုးတွင်းကာလဖြစ်သည့်အားလျော်စွာ ထိုအမှိုက်ပုံများမှထွက်လာသော အနံ့ဆိုးများကို ပြည်သူများ ခံစားနေရသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်နေရပြီး၊ လမ်းသွားလမ်းလာများအတွက် အခက်အခဲများကြုံတွေ့နေရသဖြင့် အမြန်ဆုံး လာရောက်ရှင်းလင်းပေးမည့်အချိန်ကို ဒေသခံများက မျှော်လင့်နေကြောင်း သိရသည်။

**ဌေးကြိုင်(မင်္ဂလာဒုံ)**

## မြေယာအမှုကိစ္စများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဇူလိုင် ၂၃**

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရခိုင်ပြည်နယ်မြေယာအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီ၊ ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များက စုံစမ်းရေးကော်မရှင်အစီရင်ခံစာ အပိုင်း(၁)၊ (၂)၊ (၃)နှင့် အပိုင်း(၅)ပါ မြေယာအမှုကိစ္စများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီခွဲက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ပြည်နယ်မြေယာအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်က ရခိုင်ပြည်နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခဲ့မှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် ပြည်သူ့လွှတ်တော် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ သိမ်းဆည်းလယ်ယာမြေများအား မူလပိုင်ရှင်များသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေးအတွက် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အဓိကရည်ရွယ်ချက်ဖြင့် လာရောက်ညှိနှိုင်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ပြည်နယ်မြေစာရင်း ဦးစီးမှူးက ပြည်သူ့လွှတ်တော်စုံစမ်းရေးကော်မရှင်အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)နှင့် အပိုင်း(၅)ပါ မြေယာကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးတို့က စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ မြေယာကိစ္စရပ်များနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘာကြောင့်ရပ်ရပ် လမ်းဘေးချရပ်ဆိုင်းဘုတ် အသက်ဝင်လာပြီ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်မြို့တော်အတွင်း လမ်းအသုံးပြုသူများအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ စစ်ဆေးအရေးယူရေး ဆပ်ကော်မတီဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်း၍ တစ်နေ့လျှင် နှစ်ဖွဲ့နှုန်းဖြင့် နံနက်၊ ည တာဝန်ဆောင်ရွက်လျက်ရှိပြီး မီးပွိုင့်ဧရိယာတွင် လမ်းပြောင်းပြန်မဆင်မခြင်ကျော်တက်သည့် ယာဉ်များ၊ ဘတ်စ်မှတ်တိုင်တွင် ရပ်၊ ချ၊ တင်၊ ထွက်စနစ်အသုံးပြုခြင်းမရှိဘဲ ရပ်ခြင်း၊ တက္ကစီယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ ဖြူနီကျားရပ်ခြင်း၊ လမ်းထောင့်လမ်းကွေ့ရပ်ခြင်း၊ သတ်မှတ်ထားသည့် ယာဉ်နေရာများတွင် မရပ်ခြင်း၊ အဓိကလမ်းမကြီးများတွင် ကျောင်းကြိုယာဉ်များ စနစ်တကျရပ်တန့်ခြင်းမရှိပါက ကျောင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် ပူးပေါင်းစစ်ဆေးအရေးယူခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းအဖွဲ့တွင် ဌာနဆိုင်ရာအကြီးအကဲများကိုယ်တိုင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါဆောင်ရွက်၍ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အဓိကလမ်းမကြီးများကို ယာဉ်မရပ်ရနယ်မြေအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ ယာဉ်မရပ်ရနယ်မြေတွင် ရပ်နားထားသော ယာဉ်များကို စည်ပင်သာယာဥပဒေအရ ဖမ်းဆီးခြင်း၊ ကြာမြင့်စွာရပ်နားသော ယာဉ်များကို ကရိန်းဆွဲတင်ယာဉ်ဖြင့် ဆယ်တင်၍ ရှင်စောပုယာဉ်ရပ်ကွင်းသို့ ပို့ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ယာဉ်များ ရပ်နားနေရာတွင် စည်းကမ်းရှိလာသည်ကို တွေ့နေရပြီဖြစ်သည်။**(အပေါ်ယာပုံ)**



ယခုနှစ်မှစတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဘာကြောင့် ရပ်ရပ် လမ်းဘေး ချရပ်ဆိုင်းဘုတ်များကို စိုက်ထူထားသော်လည်း လိုက်နာမှုအားနည်းကြသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ မလိုလားအပ်ဘဲ ဖြစ်ပေါ်လျက်ရှိသည်။ ယခုကဲ့သို့ ယာဉ်မရပ်ရနယ်မြေများ သတ်မှတ်၍ အချို့ယာဉ်ရပ်နေရာမရှိသည့် ယာဉ်ပိုင်ရှင်များ အခက်အခဲရှိသော်လည်း ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားသည်ကို တွေ့ရသည်။ မှတ်တမ်းများအရ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ ယာဉ်မရပ်ရနယ်မြေတွင် ဖမ်းဆီးအရေးယူဆောင်ရွက်မှုမှာ ယခုလ ၁၂ ရက်ထိ စုစုပေါင်း ၁၀၉၄၇ မှုရှိပြီး စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များဖြင့် အရေးယူဆောင်ရွက်သည့် ဖမ်းဆီးယာဉ်အမှု စုစုပေါင်း ၅၆၁၃ မှု ရှိကြောင်း သိရသည်။

**(ဝ၄ဝ)**


**အမည်ပြောင်း**

သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ အမကမူလွန်ကျောင်း(၆)တန်းမှ အဖ ဦးကျော်နိုင်ဦး၏သား မောင်ထွန်းကိုကိုဝင်း အမည်မှန်မှာ မောင်နေလင်းအောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်နေလင်းအောင်**





### ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းဆောင်ရွက်မည့်မြို့အမည် | လုပ်ငန်းအမျိုးအစား |
|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် | သဃ်န်းကျွန်းအိတ်ချိန်းဝင်းအတွင်းဂိုဒေါင် Open Shed(၅၀ပေ×၃၀ပေ) (၂)လုံး ဆောက်လုပ်ခြင်း |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် | စာသင်ဆောင်အသစ်(၁၄၀ပေ×၆၀ပေ) တစ်ထပ်၊ အာရ်စီဆောက်လုပ်ခြင်း |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး၊ (ဒဂုံတောင်) တိုးကြောင်ကလေး | ဝန်ထမ်းအိမ်ရာ ပေ(၆၀×၅၀) (၄)ခန်းတွဲ (၃)ထပ်(အာရ်စီ)(၁)လုံးဆောက်လုပ်ခြင်း လုပ်ငန်း |
| ၄။ | နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်လမ်းနှင့် မြို့ပတ်လမ်းထောင့် | မြေ(၁၀)ကေတွင် အုတ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်း |
| ၅။ | နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်လမ်းနှင့် မြို့ပတ်လမ်းထောင့် | မြေ(၁၀)ကေတွင်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်း(၄" Øအဝီစိတွင်းတူးဖော်ခြင်း၊ သံရေစင်နှင့်အုတ်ရေကန်တည်ဆောက်ခြင်း) |

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင် (၂၀၀၀ိ/-)နှုန်းဖြင့်အောက်ဖော်ပြပါလိပ်စာတွင် ၂၄-၇-၂၀၁၄ရက်မှ ၆-၈-၂၀၁၄ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်း၊ စိစစ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၅၀၁၁၀၊ ၀၁-၃၉၈၄၂၄၊ ၀၁-၂၅၆၇၆၁



### ကချင်ပြည်နယ်အစိုးရအဖွဲ့
### ကချင်ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်နယ် အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ၁၁ကေဗွီဓာတ်အားလိုင်းများ၊ ၁၁/၀. ၄ကေဗွီ၊ ထရန်စဖော်မာခွဲရုံငယ်များနှင့် ၄၀၀ဗို့ဓာတ်အားလိုင်းများအား ပုတ်ပြတ်(Turn Key)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအတွက် ချိပ်ပိတ်ဈေးနှုန်းများ မြန်မာကျပ်ငွေ(Kyat)ဖြင့် တင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | - | ၂၅-၇-၂၀၁၄ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၅-၈-၂၀၁၄ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၂း၀၀နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးရုံးနှင့် ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဖုန်း ၀၇၄-၂၉၅၁၈၊ ၀၉-၆၄၀၀၉၈၀၊ ၀၇၄-၂၀၄၂၇တွင် လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**






### ကချင်ပြည်နယ်အစိုးရအဖွဲ့
### ကချင်ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### (ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါအသစ်တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

(က) လဘန်(မဒိန်)၊ ခါးရှိ အင်းလေး၊ အောင်မြေ(၁)၊ အောင်မြေ(၂)နှင့်ရွှေညောင်ပင်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁/၀. ၄ကေဗွီ ထရန်စဖော်မာ(၁၁)လုံးတိုးချဲ့တည်ဆောက်ခြင်း

(ခ) ရွှေအိုက်၊ ရွှေပြည်သာနှင့်ငေါ့ချန်းကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ကေဗွီလိုင်း၊ ထရန်စဖော်မာနှင့် ၄၀၀ဗို့လိုင်း တိုးချဲ့တည်ဆောက်ခြင်း

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၇-၂၀၁၄ရက်မှ စတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၁၃၅၄၊ ၀၉-၆၄၀၀၉၈၀တွင် စုံစမ်းဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက် | - ၂၆-၈-၂၀၁၄ရက်(တနင်္လာနေ့) |
| | အချိန် | - ၂း၀၀နာရီ |
| (ခ) | တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | -၂၇-၈-၂၀၁၄(အင်္ဂါနေ့) ၁၂း၀၀နာရီ |
| (ဂ) | တင်ဒါတင်သွင်းရမည့်နေရာ | - အတွင်းရေးမှူး(တင်ဒါစိစစ်ရေးကော်မတီရုံး) ကချင်ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးမည့် ဘဝကြမ်းကြမ်းဗေဒါပန်း ဇာတ်ကားရိုက်ကူး

**ရန်ကုန်  ဇူလိုင်  ၂၃**

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများကို ကျယ်ပြန့်စွာပေးမည့် "ဘဝကြမ်းကြမ်းဗေဒါပန်း" အမည်ရှိသော ဇာတ်ကားကို စတင်ရိုက်ကူးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် အကယ်ဒမီရဲအောင်၊ နေမျိုးအောင်၊ နန်းဒေဝီ စသည့် သရုပ်ဆောင်များနှင့်အတူ မျိုးဆက်သစ်သရုပ်ဆောင်များပါဝင်ကာ ရိုက်ကူးနေပြီး ရွှေပေါက်(သရုပ်ဆောင်ပေါက်)မှစီစဉ်၍ ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်က ရိုက်ကူးနေခြင်းဖြစ်သလို ကျေးလက်ဒေသများနှင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လူကုန်ကူးမှုဖြစ်တတ်သော သဘောသဘာဝအခြေအနေများကို စုံစုံလင်လင်ထည့်သွင်းကာ ပညာပေးသွားမည့် ဇာတ်ကားမျိုးလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုအန္တရာယ်မှာ မည်သို့ရှိနေကြောင်းကို ပြည်သူအား မီးမောင်းထိုးပညာပေးပြသမည့် ယင်းဇာတ်ကားတွင် ဝါရင့်သရုပ်ဆောင်ကြီးများနှင့် မျိုးဆက်သစ်သရုပ်ဆောင်များပူးပေါင်းကာ လူကုန်ကူးမှုဖြစ်ပွားသော ပုံစံအမျိုးမျိုးကိုထည့်သွင်းကာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသန္တရအလှအပနေရာများနှင့် ထိုင်း-မြန်မာနယ်စပ်တို့တွင် ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

ထိုဇာတ်ကားနှင့်ပတ်သက်ပြီး ပုံဖော်ဖန်တီးသူများနှင့် သရုပ်ဆောင်အချို့ကို ခေတ္တတွေ့ဆုံမေးမြန်းကာ ကြေးမုံပရိသတ်ကြီးအတွက် ယခုလို တင်ဆက်လိုက်ရပါသည်။

### ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်

"အကျိုးပြုဇာတ်ကားလေးအနေနဲ့ ရိုက်ချင်တာမို့ လူကြီးတွေနဲ့တိုင်ပင်တဲ့အခါ လူကုန်ကူးမှုပပျောက်ရေးအတွက် ပညာပေးနိုင်မယ့်ကားမျိုးရိုက်ဖို့ စိတ်ကူးပေါ်လာခဲ့တယ်၊ အဲဒါနဲ့ ရိုက်ဖြစ်သွားတယ်ပေါ့၊ အဓိကကတော့ အသိပညာပေးတဲ့ ဇာတ်ကားပါပဲ၊ ဒီကားမှာက ငွေရေးကြေးရေးကို အဓိကမထားဘူး၊ ဖြစ်သင့်တဲ့အတိုင်းအတာတွေ၊ သဘာဝရှုခင်းအလှအပတွေနဲ့ ငွေကုန်ကြေးကျခံ ရိုက်ကူးတယ်၊ လူကုန်ကူးမှုဖြစ်လေ့ဖြစ်ထရှိတဲ့ဒေသတွေမှာ ဖြစ်နေတဲ့ ပုံစံတွေနဲ့ ပုံဖော်ရိုက်ကူးသွားမှာဖြစ်ပါတယ်။ အဓိကကတော့ လူငယ်တွေကို မက်ဆေ့ပေးချင်တယ်၊ လူငယ်လေးတွေ၊ ကျေးလက်တောရွာတွေမှာရှိတဲ့သူတွေ၊ အသိဉာဏ်ဖွံ့ဖြိုးမှုနည်းသေးတဲ့သူတွေ၊ သူများ ဆွယ်တာ၊ ညာတာကို ဘာမှန်းမသိဘဲ အလုပ်ရဖို့တစ်ခုတည်းနဲ့ လိုက်ပါသွားတတ်သူတွေ လမ်းမှားမရောက်အောင်၊ ဒုက္ခမရောက်အောင်ပညာပေးထားတယ်။

သူတို့ကိုရောင်းစားတဲ့ ပွဲစားတွေရဲ့လှည့်ကွက်တွေ၊ လိမ်လည်စည်းရုံးသိမ်းသွင်းပုံနဲ့ လုပ်လေ့လုပ်ထရှိတဲ့ လိမ်လည်နည်းတွေကိုလည်း သိစေချင်လို့ ထည့်သွင်းထားတယ်။ တစ်ဖက်နိုင်ငံမှာ သွားအလုပ်လုပ်တာနဲ့ ချမ်းသာပြီလို့ထင်ကြတဲ့သူတွေအနေနဲ့ မဖြစ်သင့်မဖြစ်ထိုက်တာ ဘဝတွေမပျက်စီးအောင် ပညာပေးထည့်သွင်းသွားမှာဖြစ်ပါတယ်။ တချို့ဆိုရင် စက်လှေပေါ်အတင်ခံရပြီး ကမ်းနားကထွက်ခွာသွားကတည်းက သူတို့ရဲ့တစ်ဘဝစာ နှုတ်ဆက်သွားတယ်ဆိုတာ မသိကြဘူး။"

### စီစဉ်သူ ရွှေပေါက်(သရုပ်ဆောင်ပေါက်)

"ဒီကားလေးက တော်တော်လေး အခက်ခဲကြားက သွားရောက်ရိုက်ကူးခဲ့ရတာ။ Location တွေကလည်း ထားဝယ်မှာများတယ်၊ အစ်မသားလေးလည်း ပါဝင်ထားတယ်၊ ဒီဇာတ်ကားမှာ အစ်မက အရမ်းဂုဏ်မောက်တဲ့ အမျိုးသမီး၊ လူကုန်ကူးရင်းနဲ့ နောက်ဆုံးသူ့သားလေး လူကုန်ကူးခံရတယ်၊ အဲဒီအချိန်မှာ နောင်တကြီးစွာရသွားတယ်၊ အဲဒီဟာလေးကို အခြေခံထားတာပေါ့။"

### အကယ်ဒမီ ရဲအောင်

"ဒီဇာတ်ကားမှာ အစ်ကိုက ရဲအရာရှိ ရဲမှူးကြီးအနေနဲ့ ပါဝင်သရုပ်ဆောင်ရမှာပေါ့၊ အရင်ကရိုက်တဲ့ လူကုန်ကူးမှုပညာပေးဇာတ်ကားတွေနဲ့မတူဘူး၊ အဓိကရည်ရွယ်ချက်ကတော့ လူကုန်ကူးမှုပပျောက်ရေး အသိပညာရစေဖို့ပါပဲ။"

### သရုပ်ဆောင် နေမျိုးအောင်

"အစ်ကိုက ဒီဇာတ်ကားမှာ နည်းနည်းရက်စက်ယုတ်မာတဲ့လူကြီးနေရာက သရုပ်ဆောင်ထားတာပေါ့၊ ဦးအဂ္ဂဆိုတာ လူမှောင်ခိုဂိုဏ်းခေါင်းဆောင်ပေါ့။ ဒီဇာတ်ကားအတွက် အရမ်းထူးထူးခြားခြားကြီး ပြင်ဆင်စရာမရှိပါဘူး၊ ဒီကားမှာ ဇာတ်ရုပ်က ပါးပါးလေးနဲ့ ရက်စက်ယုတ်မာတဲ့ လူကြီးတစ်ယောက်လုပ်ဖို့ ကျွန်တော်ဆုံးဖြတ်ထားတယ်။"

### သရုပ်ဆောင် နန်းဒေဝီ

"ဒီဇာတ်ကားမှာ နန်းအနေနဲ့က လူကုန်ကူးခံရတဲ့သူအနေနဲ့ သရုပ်ဆောင်ထားပါတယ်၊ ဒီဇာတ်ရုပ်အပေါ်မှာတော့ ကျေနပ်အားရမှုရှိပါတယ်။ ဒီဇာတ်ကားမှာ ကိုယ့်ထက်ဝါရင့်တဲ့ သရုပ်ဆောင်တွေနဲ့ သရုပ်ဆောင်ရမှာဖြစ်လို့ ပညာနဲ့ အတွေ့အကြုံလည်းရမယ်လို့ထင်ပါတယ်၊ နန်း သရုပ်ဆောင်ရမှာက ပညာပေးဇာတ်ကားဖြစ်တော့ အရမ်းလည်းဂုဏ်ယူမိပါတယ်။ နယ်စပ်ဒေသတွေမှာ သွားရောက်ရိုက်ကူးမယ်လို့တော့ သိရပါတယ်၊ နန်းအနေနဲ့ အကောင်းဆုံးသရုပ်ဆောင်သွားမှာဖြစ်ပါတယ်။"


အကယ်ဒမီရဲအောင်


သရုပ်ဆောင်နန်းဒေဝီ

သတင်း - ထက်ခိုင်(စမ်းချောင်း)၊ ဓာတ်ပုံ - SNOW



# မဟာမှိုင်းအလွန် နှစ်ငါးဆယ်အထိမ်းအမှတ် ပန်းချီပြပွဲနှင့် ဟောပြောပွဲကျင်းပ

**မန္တလေး  ဇူလိုင်  ၂၃**

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်အဖြစ်ကျင်းပသော မဟာမှိုင်းအလွန် နှစ်ငါးဆယ် ပန်းချီပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ (၈၄) လမ်းနှင့် (၃၁) လမ်းထောင့်ရှိ ဓမ္မသာလာခန်းမ၌ ကျင်းပသည်။

အဆိုပါ မဟာမှိုင်းအလွန် နှစ်ငါးဆယ်အထိမ်းအမှတ်ပန်းချီပြပွဲနှင့် ဟောပြောပွဲကို မန္တလေးမြို့ သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်နှင့် မန္တလေးပန်းချီဆရာများ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲအစရှိသည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပုံတူပန်းချီကားများနှင့် ငြိမ်းချမ်းရေးကို သရုပ်ဖော်ထားသော ပန်းချီကားပေါင်း ၁၂၀ ကျော်ပြသထားသည်။

ပြပွဲတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသထားပြီး မည်သူမဆို အခမဲ့လေ့လာကြည့်ရှုနိုင်သည်။ ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ထားကာ ဇူလိုင် ၂၄ ရက်နေ့ထိ ပြသသွားမည် ဖြစ်သည်။ **(၀၀၂)**

စာ ပေ မြင့် မှ လူ မျိုး တင့် မည်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ သိုလှောင်ရုံ(၁)လုံးနှင့် အဆောက်အအုံ (၂)လုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြေမပါ)ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

(က) (မြေမပါ)ရောင်းချမည့် အဆောက်အအုံများ

- LOT(1) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အောက်လမ်းမကြီးရှိ (၆၀'×၂၅'×၁၆') (သွပ်×သွပ်×ကွန်ကရစ်) သိုလှောင်ရုံ (၁) လုံး
- LOT(2) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အောက်လမ်းမကြီးရှိ (၄၅'×၃၈'×၂၀') (သွပ်×အုတ်×ကွန်ကရစ်) (၂)ထပ် လူနေအိမ်(၁)လုံး
- LOT(3) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အောက်လမ်းမကြီးရှိ (၂၈'×၁၉'×၁၇') (သွပ်×အုတ်×ကွန်ကရစ်) (၂)ထပ် လူနေအိမ် (၁)လုံး

(ခ) တင်ဒါပုံစံရောင်းချမည့်ရက်၊အချိန် - ၂၅-၇-၂၀၁၄မှ ၅-၈-၂၀၁၄ထိ ရုံးချိန်အတွင်းသာ

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (ရုံးအမှတ်-၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်။

(ဃ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာ - ၆-၈-၂၀၁၄ ရက်၊ ၁၃:၀၀ နာရီ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်။

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ရောင်းချမည့် သိုလှောင်ရုံ/အဆောက်အအုံ၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်-၀၆၇-၄၀၈၁၇၁သို့ ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



# ၂၀၁၄ – ၂၀၁၅ ပရီမီယာလိဂ် အဖွင့်ပွဲစဉ် (၅) ခုမှ ကြီး (၅) ကြီးကို ချဉ်းကပ်ကြည့်ခြင်း

ဝင်းထွဋ်ဦး

**ယမန်နေ့မှအဆက်**

ပရီမီယာလိဂ်ချန်ပီယံဆုနှင့်ဝေးနေသော်လည်း နှစ်စဉ်ရာသီတိုင်း ထိပ်ဆုံးလေးသင်း စာရင်းဝင်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည့် အာစင်ဝင်းဂါး၏ **အာဆင်နယ်အသင်း**သည် ယခုနှစ်ရာသီအဖွင့်ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ် (အဆင့်-၁၁)နှင့် ကစားရမည်ဖြစ်ပြီး ထိုပွဲအပြီးတွင် ချန်ပီယံလိဂ် ရှုံး/ထွက် (Play-off) ပွဲ ကစားရမည်။ ပြီးလျှင် အဲဗာတန်နှင့် အမှတ်ပေးပွဲဆက်ကစားရမည်ဖြစ်သည်။ အဲဗာတန်နှင့် အဝေးကွင်းပွဲအပြီးတွင် ချန်ပီယံလိဂ် Play-off ပွဲ ဒုတိယအကျော့ပွဲစဉ်ကို ကစားရမည်ဖြစ်သဖြင့် အာစင်ဝင်းဂါး၏ အမြောက်တပ်သားများ ရာသီအဖွင့်ကာလမှာပင် ပွဲပမ်းမှုဒဏ်ခံစားရဖွယ်ရှိနေသည်။

ပွဲစဉ် (၃)အဖြစ် တန်းတက်လက်စတာအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း အိမ်ကွင်းအမ်းမရိတ်မှာ ချန်ပီယံ မန်စီးတီးကို ဧည့်ခံကစားပေးရမည့် ပွဲစဉ်(၄)သည် အာဆင်နယ်အတွက် အရေးကြီးသည့် ပွဲတစ်ပွဲဖြစ်နေသည်။ ပြီးလျှင် ပွဲစဉ်(၅)မှာ အက်စတွန်ဗီလာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရာသီအဖွင့် ပထမဆုံးငါးပွဲတွင် အဲဗာတန်၊ မန်စီးတီးတို့နှင့် တွေ့ဆုံရသည့် ပွဲကြီးနှစ်ပွဲသာ ပါဝင်သော်လည်း ပြိုင်ဘက်အသင်းကြီးများထက် ချန်ပီယံလိဂ်(Play-off)ပွဲစဉ်နှစ်ပွဲပို ကစားရသည့် အာဆင်နယ်အသင်းသည် ရာသီအစအမှားမများအောင် ကြိုးစားရမည့်အနေအထားရောက်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ပြီးခဲ့သည့် ရာသီက ရမှတ် ၆၄ မှတ်သာရရှိ၍ အဆင့်(၇)နေရာသို့ရောက်ရှိပြီး ယခုနှစ် ဥရောပပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသည့် **မန်ယူအသင်း**၏ ပရီမီယာလိဂ်ရာသီအစ ပထမဆုံးပွဲစဉ်ငါးပွဲမှာ အခြားချန်ပီယံဆုပြိုင်ဘက်အသင်းကြီးလေးသင်းနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်နေသည်ဟု ပြောနိုင်သည်။

အဖွင့်ပွဲစဉ် ငါးပွဲတွင် ပြိုင်ဘက်အသင်းကြီးများနှင့် ထိပ်တိုက်တွေ့သည့်ပွဲတစ်ပွဲမှ မပါဝင်သည်မှာ နည်းပြသစ် ဗန်ဟားလ်အတွက် ကံကောင်းခြင်းလက်ဆောင်ပင် ဖြစ်နေသည်။ ရာသီအစ အဖွင့်ပွဲစဉ်ကို အိုးလ်ထရက်ဖို့ဒ်မှာ ဆွမ်ဆီးနှင့် ကစားရမည်ဖြစ်ပြီး ဆန်းဒါးလန်း၊ ဘန်လေတို့နှင့် အဝေးကွင်းပွဲ နှစ်ပွဲကို ဆက်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၄)တွင် တန်းတက် ကျူပီအာနှင့် ပွဲစဉ် (၅)တွင်လည်း တန်းတက် လက်စတာနှင့် တွေ့ဆုံရမည်ဖြစ်သဖြင့် ထိပ်တန်းအသင်းကြီးများထဲတွင် ပွဲအချောင်ဆုံးအသင်းဟု ပြောနိုင်သည်။ တန်းတက်အသင်း သုံးသင်းနှင့် သုံးပွဲဆက်ကစားရမည့် မန်ယူအသင်းအနေဖြင့် ပြိုင်ဘက်အသင်းကြီးများ ရာသီအစ ပွဲကျပ်ရင်ဆိုင်နေရသည်ကို အခွင့်ကောင်းယူပြီး ရမှတ်အပြည့် အဝရယူနိုင်အောင် အားစိုက်ယှဉ်ပြိုင်မည်မှာ သေချာနေသည်။

မည်သို့ပင်ဖြစ်ကြပါစေ။ ယခုနှစ် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးငါးသင်း၏ ပြိုင်ဆိုင်မှုသည် ရာသီအစ အဖွင့်ပွဲစဉ်ငါးပွဲ၊ ပြိုင်ပွဲကာလ တစ်လတာအတွင်းမှာပင် အပြင်းထန်ဆုံးဖြစ်လာမည့် အနေအထားဖြစ်နေပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ရီးယဲလ်မက်ဒရစ်အသင်း ပေါင် ၇၁ သန်းဖြင့် ခေါ်ယူ အပြောင်းအရွှေ့လောကတွင် စတုတ္ထမြောက် ဈေးအကြီးဆုံးကစားသမားဖြစ်



၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲထိပ်တန်းဂိုးသွင်းရှင်ဖြစ်သည့် ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ပြောင်းရွှေ့ကြေးပေါင် ၇၁ သန်းဖြင့် စပိန်လာလီဂါထိပ်သီးကလပ်ဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူလိုက်ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့ဖလား၌ သွင်းဂိုးခြောက်ဂိုးနှင့်အတူ ရွှေဖိနပ်ဆု ရရှိခဲ့သည့် မိုနာကိုအသင်းမှ ကိုလံဘီယာတိုက်စစ်မှူးဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခြောက်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ကမ္ဘာ့ဖလားတွင် ကိုလံဘီယာအသင်းအား ၎င်း၏သွင်းဂိုးများနှင့်အတူ ကွာတားဖိုင်နယ်အဆင့်ထိ တက်လှမ်းနိုင်ရေးစွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်းနှင့် မည်သည့်နေရာတွင်မဆို ကစားနိုင်သည့် ကစားသမားဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌဖြစ်သူ ဖလော်ရန်တီနိုပီရက်ဇ်က ပြောကြားခဲ့သည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် အပြောင်းအရွှေ့လောကတွင်လည်း အသင်းဖော်များဖြစ်သည့် ဂါရတ်ဘေးလ်၊ စီရိုနယ်လ်ဒိုနှင့် ဘာစီလိုနာတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်တို့ နောက်တွင် စတုတ္ထမြောက်ဈေးအကြီးဆုံး ကစားသမားလည်းဖြစ်လာခဲ့သည်။

ဂါရတ်ဘေးလ်သည် စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပေါင် ၈၅ ဒသမ ၃ သန်းဖြင့်လည်းကောင်း၊ စီရိုနယ်လ်ဒိုသည် မန်ယူအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပေါင်သန်း ၈၀ ဖြင့်လည်းကောင်း၊ ဆွာရတ်ဇ်သည် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပေါင် ၇၅ သန်းဖြင့်လည်းကောင်း အသီးသီး ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် အပြောင်းအရွှေ့လောကတွင် စတုတ္ထမြောက်ဈေးအကြီးဆုံး ကစားသမားဖြစ်ခဲ့ရပြီး ၎င်းနောက်တွင် ရီးယဲလ်မက်ဒရစ်ကစားဖော်ကာကာ ဖြစ်သည်။ ကွင်းလယ်ကစားသမား ကာကာသည် အေစီမီလန်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပေါင် ၅၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

## အက်သလက်တီကိုနောက်ခံလူ မီရန်ဒါအားခေါ်ယူရန် ချယ်လ်ဆီး ပစ်မှတ်ထား

အင်္ဂလန်ထိပ်သီးကလပ် ချယ်လ်ဆီးအသင်းသည် လာမည့်ဘောလုံးရာသီတွင်



အသင်း၏ခံစစ်ပိုင်းကို အားဖြည့်ရန်အတွက် အက်သလက်တီကိုအသင်း၏ ဘရာဇီးနောက်ခံလူမီရန်ဒါအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းမှာ ယခုနှစ်နွေရာသီအပြောင်းအရွှေ့တွင်ပေါင်သန်း ၈၀ နီးပါး သုံးစွဲကာ ကစားသမားသစ်များကို ခေါ်ယူအားဖြည့်ထားပြီး နည်းပြမော်ရင်ဟိုမှာ ကစားသမားသစ်များ ထပ်မံခေါ်ယူတော့မည်မဟုတ်ဟု ပြောကြားခဲ့သော်လည်း ပြီးခဲ့သည့် ရက်ပိုင်းက ချယ်လ်ဆီးအသင်း၏ တာဝန်ရှိသူများမှာ ၎င်း၏အေးဂျင့်ဖြစ်သူနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

ထို့ပြင် ချယ်လ်ဆီးအသင်းသည် အက်သလက်တီကိုအသင်း၏ ကစားသမားများဖြစ်ကြသည့် တိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် နောက်ခံလူ ဖိလစ်ပီလူးဝစ်တို့ကိုခေါ်ယူထားခဲ့ပြီး မီရန်ဒါကိုပါ တစ်ပါတည်းခေါ်ယူရန် ဆန္ဒရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ လက်ရှိအချိန်တွင် ချယ်လ်ဆီးအသင်းမှာ ၎င်းအတွက်ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ပြီး အက်သလက်တီကိုအသင်းနှင့် သဘောတူညီချက်ရရှိရန်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် လာမည့်ဘောလုံးရာသီအတွက် အက်သလက်တီကိုအသင်းမှ ကစားသမားများဖြစ်ကြသည့် ဒီယေဂိုကော်စတာနှင့် ဖိလစ်ပီလူးဝစ်တို့အပြင် စပိန်ကွင်းလယ်လူ ဖာဘရီဂတ်စ်၊ ခရိုအေးရှားကွင်းလယ်လူ ပါဆာလစ်တို့အားခေါ်ယူထားခဲ့သည်။

**(ကိုရဲ)**



## ဆိုင်ကယ်ဝါယာရှော့ခ်ဖြစ်၍ မီးလောင်

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ရာဇသင်္ဂဟလမ်းမကြီးနှင့် ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်ရှိ "သပြေကုန်း အဝိုင်း"တွင် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က နေပြည်တော်မြို့မ ဈေးဘက်မှ ပျဉ်းမနားမြို့ဘက်သို့ အမျိုးသားတစ်ဦးမောင်းနှင်ပြီး အမျိုးသမီး တစ်ဦး လိုက်ပါစီးနင်းလာသော ဆိုင်ကယ်တစ်စီး ဝါယာရှော့ခ်ဖြစ်၍ မီးလောင် ကျွမ်းမှုဖြစ်ပွားရာ ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူတို့မှာ အခင်းဖြစ် ချိန်တွင် ထွက်ပြေးတိမ်းရှောင်သွားကြောင်းနှင့် မီးလောင်ရာနေရာသို့ အမှတ်(၁) မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းနိုင်၊ နေပြည်တော်စည်ပင်မှ ဦးစီးအရာရှိ တင်ကိုကိုနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး အောင်မြတ်သူတို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ကိုကိုရှူပ(နေပြည်တော်)**



## ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ တရားမဝင်သစ်နှင့် သစ်စက်ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက် ပစ္စည်း ခိုးယူသယ်ဆောင်မှုများအား စီမံချက်ချမှတ်လျက် အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံဘိနယ်အတွင်းမှ တရားမဝင် ပျဉ်းကတိုးသစ် သုည ဒသမ ၃၂၇၁ တန်၊ ယာဉ်တစ်စီးနှင့်တရားခံတစ်ဦး၊ သာယာဝတီမြို့နယ် သုံးဆယ်ကြိုးဝိုင်းအတွင်းမှ ပိုင်ရှင်မဲ့ကျွန်းသစ် ၂ ဒသမ ០၅၈၀ တန်၊ အုတ်တွင်းမြို့နယ် ကရင်မသေ ချောင်းဘေးနေရာမှ ပိုင်ရှင်မဲ့ကျွန်းသစ် သုည ဒသမ ၃၂၉၄ တန်၊ မန္တလေး တိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကြာနီကန်ဘိနယ်အတွင်းမှ ပိုင်ရှင်မဲ့ကျွန်းသစ် သုည ဒသမ ၇၁၄ တန်၊ ယာဉ်တစ်စီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလုံဘိနယ်အတွင်းမှ ပိုင်ရှင်မဲ့တမလန်းသစ် ၂ ဒသမ ၁၃၃၀ တန်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဇူလိုင် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရိုးမကြိုးပြင် ကာကွယ်တောအတွင်းမှ တရားမဝင် ပျဉ်းကတိုးသစ် ၃ ဒသမ ၄၇၁၅ တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ဇူလိုင် ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ရွားပြင်ဘိနယ်အတွင်းမှ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၁၁၂၀ တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ပန်းတောင်းမြို့နယ်အတွင်းမှ တရားမဝင်အခြားသစ် ၂ ဒသမ ၂၀၉၂ တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပေါက် ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်းအတွင်းမှ တရားမဝင်အခြားသစ် ၁ ဒသမ ၀၅၃၄ တန်ကို ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**



## အန္တရာယ်ရှိသော တယ်လီဖုန်းကေဘယ်ကြိုးတိုင်

**မကွေး ဇူလိုင် ၂၃**

မကွေးမြို့ အောင်ရတနာရပ်ကွက် မြို့ပတ်လမ်းနှင့် လမ်း ၂၀ ထောင့် ဖြူစင်ပရဟိတ အခမဲ့ဆေးခန်းရှေ့၌ရှိသော တယ်လီဖုန်းကေဘယ်ကြိုးတိုင်၏ အထက်ပိုင်းမှာ ထက်ပိုင်းကျိုးကျနေသည်ကို တွေ့ရသည်။**(အပေါ်ပုံ)**

ယခုအချိန်သည် မိုးကြီး၊ လေထန်၊ ရေကြီးနေသော အချိန်ဖြစ်၍ အဆိုပါတယ်လီဖုန်းကေဘယ်ကြိုးတိုင်သည် အချိန်မရွေးပြုတ်ကျနိုင်ပြီး လမ်းသွားလမ်းလာများကို ဒုက္ခ ပေးနိုင်သည်။ သို့ဖြစ်၍ တယ်လီဖုန်းကေဘယ်ကြိုးတိုင် အား သက်ဆိုင်ရာက အမြန်ဆုံး အသစ်လဲလှယ်ပြုပြင်ပေး ရန် အများပြည်သူများ ဆန္ဒရှိကြကြောင်း သိရသည်။

**(၃၃၃)**

## ကွမ်းလုံမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်း၊ တံတားပျက်စီးမှုများဖြစ်ပေါ်

**ကွမ်းလုံ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၂ ရက်က ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာနှင့် ရှင်လုံကျိုင်းကျေးရွာသို့ဆက်သွယ်ထားသည့် နမ့်လင်းချောင်းကူးတံတားမှာ ရေကြီးတိုက်စားမှုကြောင့် ပျက်စီးခဲ့သည်။ အလားတူ ကွမ်းလုံ-သိန်းနီ ပြည်ထောင်စုလမ်းမ မိုင်တိုင်အမှတ်(၃၅/၄နှင့် ၃၅/၅)တွင် မြေပြိုမှုကြောင့် ပျက်စီးသွား သောလမ်းအား မြေထိုးစက်ဖြင့်ရှင်းလင်းနေသည့် အေးရှားဝေါလ်စက်မောင်းသမား နှစ်ဦးသည် လမ်းအပေါ်ဘက်ခြမ်းတောင်ပေါ်မှ ပြိုကျလာသော ကျောက်တုံးများကြောင့် ထိခိုက်မိပြီး နမ့်လင်းချောင်းတွင်းသို့ စက်နှင့်လူပါ ပြုတ်ကျသွားခဲ့သည်။ စက်မောင်းသမားတစ်ဦးမှာ ဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိပြီး ကျန်တစ်ဦးမှာ စက်နှင့်အတူ ချောင်းအတွင်းသို့ ပျောက်ဆုံးသွားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မီးရထားသံလမ်းပေါ် ဦးခေါင်းတင်အိပ်ပျော်နေသူ ရထားကြိတ်၍ သေဆုံး

**အင်္ဂပူ ဇူလိုင် ၂၃**

အင်္ဂပူမြို့နယ် ဟင်္သာတ-ကြံခင်းသွားမီးရထား သံလမ်းပေါ်၌ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီခန့်က မီးရထားသံလမ်းပေါ် အိပ်ပျော်နေသည့် လူတစ်ဦးအား အဆန် ၁၈၀ လူစီးရထားကြိတ်မိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၈ ရက် မွန်းလွဲ တစ်နာရီခန့်က ဟင်္သာတဘူတာမှ မြန်အောင်မြို့သို့ထွက်ခွာလာသော အဆန်အမှတ် ၁၈၀ လူစီးအမြန်ရထားသည် ဟင်္သာတ ဘူတာဝင်းနေ စက်ခေါင်းမောင်း ဦးမြင့်ငြိမ်း(၅၁)နှစ် မောင်းနှင်လာရာ အင်္ဂပူဘူတာအထွက် ရထားလမ်းမိုင်တိုင် အမှတ်(၁၃၂/၁၈)နှင့် (၁၃၃/၁)အကြား စောင်းတန်း ဘူတာအနီး၌ ရထားသံလမ်းပေါ်တွင် လူတစ်ဦးသည် ဦးခေါင်းတင် အိပ်စက်နေသည်ကို မြင်တွေ့ရသဖြင့် ရထားအချက်ပေးဟွန်းတီးပြီး အရှိန်လျှော့သော်လည်း ရထားကြိတ်မိသွားပြီး ဦးခေါင်းနှင့် လက်တံတောင်ဆစ်များ ပြင်းထန်စွာ ဒဏ်ရာရရှိကာ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါသေဆုံးသူမှာ အင်္ဂပူမြို့နယ် ကံဦး ကျေးရွာအုပ်စု ဇေယျ(၁)လမ်းနေသူ ဦးသိန်းဝင်း(၆၈) နှစ်ဖြစ်သည်။ မီးရထားသံလမ်းဘေး လယ်ကွင်း ထဲ၌ လယ်ယာလုပ်ကိုင်ကာ ပင်ပင်ပန်းပန်းဖြင့် မီးရထားလမ်းပေါ် အိပ်ပျော်နေရာမှ ရထားကြိတ် သေဆုံးခြင်းဖြစ်သည်။ ထို့ကြောင့် အင်္ဂပူမြို့နယ် ပြည်သူ့ ဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ဆောင်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သိရှိရန်၊ ထိုနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က ဒုရဲမှူးအောင်နိုင်ဝင်း၏ တိုင်တန်းချက် အရ အင်္ဂပူမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်- ၂/၂၀၁၄ ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**






### မွေးနေ့မင်္ဂလာဆုမွန်လွှာ

ရွှေတံဆိပ်ဆုများရှင် သားပိုင်ပိုင် [B.A,Dip P.G.A(N.U.A.C), B.Sc(Physics)]၏ ၂၄-၇-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့ မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ၍ နိုင်ငံတော်အကျိုး သယ်ပိုးထမ်းဆောင်နိုင်သော သားကောင်း ရတနာတစ်ယောက်ဖြစ်ပါစေ. . .

မေမေ - ဒေါ်တင်တင်မျိုးရည်(ဦးစီးအရာရှိ၊ အနုပညာဦးစီးဌာန)
ညီလေး - ဖြိုးဖြိုး(နိုင်ငံတော်အဆင့်ရွှေတံဆိပ်၅ဆုရှင်)




### ကျန်းမာရေးဝန်ကြီးဌာန
### ရှမ်းပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရှမ်းပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆောက်လုပ်မည့် တောင်ကြီး(အေးသာယာ) တိုင်းရင်းဆေးရုံ တိုးချဲ့(၂)ထပ်ဆောင်နှင့် (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက် ပြည်တွင်း လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ စနစ်ဖြင့်တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၆-၇-၂၀၁၄ ရက်၊ တင်ဒါပိတ်မည့်ရက် - ၂၅-၈-၂၀၁၄ ရက်၊ တင်ဒါပိတ်မည့်အချိန်- ၁၆း၀၀ နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာအတိုင်းရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၈၁-၂၀၂၂၂၂၇(ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန)
၀၈၁-၂၀၂၇၇၂၃(အေးသာယာတိုင်းရင်းဆေးရုံ)
တင်ဒါခေါ်ယူရေးကော်မတီ






ဆောင်းပါး

# "ရှင်သန်ခွင့်"

à atmifumf(qifqy)

ကချင်ပြည်နယ်အတွင်းရှိ တောင်ယာဟောင်းများ တောင်ကတုံးများပေါ် ရဟတ်ယာဉ်ဖြင့် မျိုးစေ့ကြဲချကာ သစ်တောများဖြစ်လာအောင် လုပ်ဆောင်မည့် အစီအစဉ်ကို သတင်းစာတစ်စောင်တွင် ဖတ်လိုက်ရသည်။

'အများကြီးဖြစ်နေသော တောင်ယာကတုံးတွေပေါ်မှာ သစ်တစ်ပင်စီလိုက်စိုက်နေ၍ မဖြစ်နိုင်ပါ။ မိမိတို့မှာ ရဟတ်ယာဉ်တွေရှိနေသည်။ မိုးရွာလျှင် ရှင်နိုင်မည့်မျိုးစေ့တွေကို ရဟတ်ယာဉ်ပေါ်မှ ကြဲချစိုက်ပျိုးပေးသွားမည်' ဆိုလာသည်။ ကုမ္ပဏီပိုင်ရှင်၏စကား။ လုပ်ဖြစ်လျှင် ဖြစ်ထွန်းလာမည်သေချာသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ဤကဲ့သို့လေယာဉ်ပေါ်က မျိုးကြဲချပေးခဲ့၍ ယနေ့ထိတိုင် အောင်မြင်ဖြစ်ထွန်းနေဆဲအပင်များ ဤနိုင်ငံမှာရှိနေဆဲ။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းမှာ ခုတ်ယူလို့ မကုန်နိုင်အောင် တောဖြစ်လို့ထူနေဆဲ၊ ကန္တရဆူးပင်များသည်မိမိတို့နိုင်ငံ၏မျိုးရင်းမဟုတ်။အပူပိုင်းဒေသ အာဖရိကမှလာပြီးအပူပိုင်းမိုးနည်းရပ်ဝန်းတွင် မိုးပေါ်မှကြဲပတ်ပေးခဲ့သော အာဂန္တုအပင်များဒေသခံများအား အရိပ်အာဝါသကိုလည်းပေးနေဆဲ။လောင်စာထင်းကိုလည်းပေးနေဆဲ။ ခုတ်၍မကုန်နိုင်လောက်အောင် ပေါက် ရောက်ရှင်သန်ကာအညာမြေကို အလှဆင်ပေးလျက်ရှိနေ ဆဲပါ။

'ဥတုရာသီ၊ တောကိုမှီ၏'ဆိုစကားအတိုင်း သစ်တောသစ်ပင်များဖွံ့ဖြိုးဝေစီရှိသည့် အရပ်တွင် ရာသီဥတုသမမျှတရှိနေတတ်သည်။ သစ်တောသစ်ပင်များသည်ရေချိုအရင်းအမြစ်များကို အုံနှင့်ကျင်းနှင့် စုစည်းပေးထားရာ ဤအဝိုင်းအဝန်းတွင် သောက်သုံးရေချိုအတွက် ပူစရာမလိုပါ။ ယနေ့ကမ္ဘာတွင် သောက်သုံးရေမလုံလောက်အခက်ကြုံတွေ့နေရသူ ပြည်သူသန်းပေါင်း ၂၈၀၀ ခန့်ရှိနေသည်။ ၂၀၁၅ ခုနှစ်အရောက်တွင် သန်းပေါင်း ၆၉၀၀ ထိရှိလာနိုင်ကြောင်း ပညာရှင်တချို့က သတိပေးဟောကိန်းထုတ်ထားသည်။ သစ်တောပြုန်းတီးလာမှု၏ ဆိုးကျိုးသက်ရောက်မှုတစ်ခု ဖြစ်သည်။

ကမ္ဘာမြေပေါ်တွင် သစ်တောဖုံးလွှမ်းဧရိယာ ၃၀ ရာခိုင်နှုန်း၊ စတုရန်းမီတာအားဖြင့် သန်းပေါင်းလေးရာကျော်ရှိနေသည့်အနက် နှစ်စဉ် သစ်တောပြုန်းတီးမှု စတုရန်းမီတာနှစ်သောင်းမှ သုံးသောင်းထိရှိနေသည်။ ထိုနည်းတူမိမိတို့နိုင်ငံတွင်လည်း နှစ်စဉ်သစ်တောပြုန်းတီးမှုဧက ကိုးသိန်းကျော်ရှိနေသည်။ ကမ္ဘာ့သစ်တောပြုန်းတီးမှု အဆင့်သတ်မှတ်ချက်တွင် ဘရာဇီးနိုင်ငံသည် အဆင့်တစ်တွင်ရှိနေပြီး ဖိလစ်ပိုင်၊ အင်ဒိုနီးရှားပြီးလျှင် မိမိတို့နိုင်ငံသည် အဆင့်လေးတွင် ရှိနေသည်။

အာရှ၊ ပစိဖိတ်နိုင်ငံများတွင် သစ်တောကို မှီခိုနေရသော ပြည်သူ ၄၅၀ သန်းကျော်ရှိနေပြီး မိမိတို့နိုင်ငံ၏ ပြည်သူသန်းပေါင်း လေးဆယ်ကျော်သည်လည်း သစ်တောများကို မှီခိုနေရဆဲဖြစ်သည်။

သစ်တောပြုန်းတီးလာနေမှုက သစ်တောမှီ ဇီဝမျိုးစုံ ပျောက်ကွယ်လာသည်။ ဟန်ချက်ပျက်လာသည်။ လတ်တလော မိမိတို့နိုင်ငံ၏ တောပျော်ဆင်ရိုင်းကြီးများ၊ လူနေရပ်ဝန်းအနီးရောက်လာပြီး အန္တရာယ်ပြုလာနေခြင်းသည် သစ်တောပြုန်းတီးလာနေမှု၏ လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။

သစ်တောပြုန်းတီးလာနေမှုနှင့်အတူ အခြားဘက်တွင်လည်း ကျောက်မီးသွေးအပါအဝင် ရုပ်ကြွင်းလောင်စာများ အလွန်အကျွံသုံးစွဲလာနေမှုကြောင့် ကာဗွန်ကိုထိန်းမနိုင်သိမ်းမရ၊ ဖန်လုံအိမ်အာနိသင်စွမ်းရည် ပြလာနေပြီ။ ကာဗွန်ကိုထိန်းသိမ်းပေးနိုင်မည့် မိုးသစ်တောများပြုန်းတီးလာခြင်းသည် မြေကမ္ဘာအတွက် တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို ကမ္ဘာ့လေထု၊ ရေထု၊ မြေထုအပူရှိန် မြင့်တက်ထိန်းမနိုင်သိမ်းမရ ဖြစ်လာခဲ့သည်။ အကျိုးဆက်မှာ မိုးခေါင်ရေရှား၊ မိုးများရေကြီး၊ ကမောက်ကမ ရာသီဥတုဖောက်လာသည်။ စိုက်ပျိုးခင်းများ ပျက်စီးလာသည်။ အစာရေစာရှားပါးမှုများကြုံလာနေရသည်။ ကမ္ဘာ့လူဦးရေမှာလည်း တိုးပြီးရင်းတိုးလာနေရာ ကမ္ဘာ့စားနပ်ရိက္ခာပြဿနာသည် 'ဘူးလေးရာ ဖရုံဆင့်' အဖြစ်မျိုး ကြုံလာနေရပြီ။

မိမိတို့နိုင်ငံအတွက်ကား ဤကမောက်ကမရာသီဥတုကိုနိုင်သလောက်ထိန်းနိုင်ဖို့ဆိုပါက ပြုန်းတီးလာသော သစ်တောများကို ထိန်းသိမ်းထားနိုင်မည်။ တိုးပွားလာစေရပါမည်။ လူတိုင်းလုပ်နိုင်သည့်အရာလည်း ဖြစ်ပါသည်။ သစ်တောသစ်ပင်ကို ချစ်ခင်တတ်သော အသိရှိဖို့သာလိုအပ်ပါသည်။ တစ်ဘက်တွင်လည်း ဤသစ်ပင်များရှင်သန်မှုတွင် သဘာဝတရားက မျက်နှာသာပေးထားပြီးဖြစ်ပါသည်။ မစိုက်ပျိုးလျှင်လည်း မဖျက်ဆီးဖို့ဘဲလိုသည်။ မိမိတို့နိုင်ငံ၏ ရေခံမြေခံကား သစ်တောများရှင်သန်ဖွံ့ထွားလာဖို့ အစဉ်ပံ့ပိုးပေးထားပြီး ဖြစ်သည်။

ဥပမာ ပင်လယ်ကမ်းစပ်၊ ကမ်းတက်မြေများ မြစ်ချောင်းဝဲယာများတွင် သဘာဝအလျှောက်ရှင်သန်ပေါက်ရောက်နေသော ဒီရေတောများ သူတို့သဘာဝအတိုင်း 'ရှင်သန်ခွင့်'သာ ပေးထား လိုက်ပါ။ ထိုနည်းတူ တောင်ပေါ်မြေပြန့် သဘာဝအလျောက်ပေါက်ရောက်မြဲသစ်ပင် သစ်တောများ၊ လွတ်လွတ်လပ်လပ် 'ရှင်သန်ခွင့်'သာပေးထားလိုက်ပါ။ နမူနာအားဖြင့်ရန်ကုန်မြို့လယ်ရှိပန်းဘဲတန်း အထက (၃)နှင့်ကပ်လျက် မြေကွက်လပ်တွင် အိမ်မဆောက်ဖြစ်၍ ငါးနှစ်ဝန်းကျင်အတွင်း ရိပ်ကောင်းသာယာနှင့်သစ်တောလေးတစ်တောဖြစ်နေသည်ကို သတိပြုမိသူတိုင်း မြင်တွေ့နိုင်ပါသည်။ သစ်တောသစ်ပင်များနှင့်ပတ်သက်လျှင် မိမိတို့နိုင်ငံ၏ သဘာဝတရားက မျက်နှာသာပေးထားခြင်းဖြစ်ပါသည်။

> အရေးကြီးသည်မှာ မြန်မာ့သစ်တောများအား မခုတ်မထစ်ရအောင် ကာကွယ်ပေးလျက် သူတို့သဘာဝ'ရှင်သန်ခွင့်' သာပေးထားလိုက်ပါ။ ဆယ်စုနှစ်တစ်ခု. . .

အရေးကြီးသည်မှာ မြန်မာ့သစ်တောများအား မခုတ်မထစ်ရအောင် ကာကွယ်ပေးလျက် သူတို့သဘာဝ 'ရှင်သန်ခွင့်' သာ ပေးထားလိုက်ပါ။ ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာ့သစ်တော ပုံမှန်ဘဝသို့ ပြန်ရောက်လာလိမ့်မည်။ သစ်တောသစ်ပင်ဟူသမျှ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးသွားဖို့အသိသာ လူတိုင်းမှာ တာဝန်ရှိပါသည်။ သန့်ရှင်းသောအောက်စီဂျင်ကို လှိုင်လှိုင်ထုတ်ပေးနေသည့် အချက်တစ်ချက်တည်းနှင့်လုံလောက်ပါသည်။ ကျေးဇူးရှင်အားမပြစ်မှားရ၊ ကျေးဇူးတရားကို သိတတ်ခြင်းသည် လူ့အသိပင် မဟုတ်ပါလော။

မျက်မှောက်ကာတွင် အနာဂတ်ကို ပိုင်စိုးကြမည့် မျိုးဆက်သစ်လေးများသို့ သစ်တောသစ်ပင်ချစ်ခင်တတ်အောင်ပြုစုပျိုးထောင် လက်ဆင့်ကမ်းပေးနေခြင်းသည်လည်း အစဉ်အလာကောင်းတစ်ရပ်ပင် ဖြစ်ပါသည်။ သူတို့လေးတွေကို သစ်တစ်ပင်၏ တန်ဖိုးကိုသိစေလျက် ကိုယ်တိုင်ပါဝင်စိုက်ပျိုးစေခြင်း၊ ရှင်သန်စေခြင်းသည် အနာဂတ်သစ်တောများ ဖွံ့ထွားလာမှုကို ကြီးစွာအထောက်အကူဖြစ်စေပါလိမ့်မည်။

ယနေ့ သစ်ပင်စိုက်ပျိုးနေသော သူတို့လေးတွေ၏ 'ပျိုးလက်များ' သည် 'သစ်စိမ်းချိုးလက်၊ သစ်ခုတ်လက်' တစ်နည်း 'သစ်ချိုးလက်များ' ဖြစ်လာတော့မည်မဟုတ်ပါ။ အကြောင်းမူ သစ်ပင်၏ တန်ဘိုးနှင့်ကျေး၊ဇူးကြီးမားပုံကို သူတို့လေးတွေ နှလုံးသားထိတိုင် စွဲမြဲသိထားပြီး၍ဖြစ်ပါသည်။

(ဇူလိုင်လ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး နေ့ရက်များသို့)

## ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အတွက် ခွဲဝေရရှိသည့် ဝေါမြို့နယ် Mobile Team-2 မှဆုကြေးငွေများ သတင်းစာဆရာအသင်းသို့ လွှဲပြောင်း



**ပဲခူး၊ ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အတွက် ခွဲဝေရရှိသည့် ဝေါမြို့နယ် Mobile Team-2 မှ ဆုကြေးငွေအများအနက် ငွေကျပ် ခုနစ်သိန်းအား ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၁၁ နာရီက ပဲခူးမြို့၊ ကိုယ့်မင်းကိုယ်ချင်းလမ်းရှိရိပ်သာ၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်မြင့် တက်ရောက်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်းမှ ကျပ်ခုနစ်သိန်းအား ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစိန်လှိုင်ဗိုလ်ထံသို့ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဦးကျော်မြင့်၊ တိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်းနှင့်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစိန်လှိုင်ဗိုလ်တို့မှ Mobile Team-2 မှ ငွေကြေးဆိုင်ရာကိစ္စများ အသီးသီးရှင်းလင်းတင်ပြကြပြီး အဆိုပါအခမ်းအနားသို့ ပဲခူးခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပဲခူးမြို့သတင်းစာဆရာအသင်းဝင်များ တက်ရောက်ခဲ့ကြသည်။ **ကိုလတ်(ပဲခူး)**


## ချမ်းမြေ့ပဒေသာပင်ရိပ်သာ F.M.I City ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City (ပဒေသာပင်မြို့တော်)ရှိ ချမ်းမြေ့ပဒေသာပင်ရိပ်သာကျောင်း၌ (သတ္တမအကြိမ်) ဝါဆိုသင်္ကန်း စုပေါင်းလှူဒါန်းဆက်ကပ်ပွဲကို ရိုးမဘဏ်ဝန်ထမ်းမိသားစုတို့က မတည်၍ စေတနာရှင် ကုသိုလ်ရှင်အပေါင်းတို့က (၁၃၇၆ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) ဇူလိုင်လ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်အနုမောဒနာတရားနာယူနိုင်ကြပါရန် မေတ္တာရှေ့ထားဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဖုန်း-၆၈၇၆၃၀



## ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြို့နယ်အသင်းသူ၊ အသင်းသားများအား ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ (၁၃၇၆ခုနှစ်၊ ဝါဆိုလကွယ်နေ့)
၂၆-၇-၂၀၁၄ရက် (စနေနေ့)

အချိန်။ ။ နံနက် ၁၀ နာရီ

နေရာ။ ။ ရန်ပိုးအောင်ဘုရားကြီးကျောင်း၊ ပရိယတ္တိစာသင်တိုက်
စံပြ(၅)လမ်း၊ သဃ်န်းကျွန်းစံပြဈေးအနီး၊ သဃ်န်းကျွန်းမြို့နယ်။

သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါက ဦးသန်းအောင် ၀၉-၄၂၀၁၇၇၇၆၇၊ ဦးသန်းဝင်း-၀၉-၄၃၀၄၆၈၆၀၂၊ ဦးသိန်းဝင်း ၀၉-၄၉၂၃၉၉၉၊ ဒေါ်နန်း ရေစင်ဦး ၀၉-၅၁၅၄၇၀၉၊ ဒေါ်နွဲ့နွဲ့ဝင်း-၀၉-၄၂၀၁၃၀၅၄၊ ဒေါ်သန္တာထွေး(သွန်း)၀၉-၅၀၁၀၃၀၅၊ ဒေါ်နော်သန်းသန်းဦး ၀၉-၄၅၀၀၁၅၉၅၀သို့ ဆက်သွယ်လှူဒါန်းနိုင်ပါ သည်။ (အသင်းမှ သင်္ကန်းများ ဈေးနှုန်းသက်သာစွာ စီစဉ်ထားပါသည်)

အမှုဆောင်အဖွဲ့








## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| | ကန်ထရိုက်တာဦးအောင်ထိန်း [၁၂/လသန(နိုင်)၀၀၃၂၁၁] (မှ) ဒေါ်ယဉ်မေအောင် [၁၂/ကမရ(နိုင်)၀၃၅၁၁၀](မှ) | ဒေါ်ပုလုံး [၁၂/ဗတထ(နိုင်)၀၂၄၀၈၆] | အမှတ်(၇၁/၇၃)၊ ၆လွှာ(ယာ)၊ (လမ်းမှကြည့်လျှင်) ၂၁လမ်း၊ လသာမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)









# အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ

**ရန်ကုန်၊ ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသမီးရေးရာအဖွဲ့၊ နာယကဖလား၊ (၄)ခရိုင် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်)ပြိုင်ပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏတွင် ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်(၄) ခရိုင်မှ အေရိုးဗစ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ ဒေါ်သင်းသင်းမြ၊ ဒေါ်ခင်အေးနွယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အကြီးတန်းနှင့် အငယ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုများရရှိပြီး တံခွန်စိုက်ဖလား ပထမဆု ရရှိသာ အနောက်ပိုင်းခရိုင်အသင်းအား ငွေကျပ် ရှစ်သိန်းအားလည်းကောင်း၊ တတိယဆုရရှိသော တောင်ပိုင်းခရိုင်အသင်းအား ငွေကျပ်ခြောက်သိန်းတို့အား အသီးသီးချီးမြှင့်ပြီး အဖွဲ့လိုက်ဆုများကို ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့များမှ တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ယဉ်ဦး(ဓနုဖြူ)**

# နတ်တလင်း၌ စာအုပ်နှင့်စာရေးကိရိယာများလှူဒါန်း

**နတ်တလင်း၊ ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တာပွန်ကျေးရွာအုပ်စုတွင် ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီခွဲ အခမဲ့ပညာသင်ကျောင်းတွင် တက္ကသိုလ်ဝင်တန်းကျောင်းသူ၊ ကျောင်းသား ၆၁ ဦးအားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်မှ တစ်ဦးလျှင် ဗလာစာအုပ် ခြောက်အုပ်၊ မြန်မာအထူးထုတ်တစ်အုပ်နှင့် စာရေးကိရိယာများ လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲတွင် နာယကဆရာတော်ကြီးများဖြစ်သော ဆရာတော်ဦးဥတ္တရ (ရွှေကျွန်းတောကျောင်း)၊ ဆရာတော်ဦးကေဝလ(ကံဦးကျောင်း)၊ ဆရာတော်ဦးမုနိန္ဒ(လေသာကျောင်း) ဆရာတော်များ ကြွရောက်သြဝါဒစကားမိန့်ကြား၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက စာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။ **ကြေးမုံ**

# လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်လှူဒါန်း

**ခင်ဦး၊ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ သရက်ပင်စုကျေးရွာ၊ အောင်မြတ်စေတနာ လူမှုကူညီရေးအသင်းသို့ ဇူလိုင် ၂၁ ရက်က လူနာတင်ယာဉ် VOXY အမျိုးအစားကားကို လှူဒါန်းသည်။ အဆိုပါ လူနာတင်ယာဉ်ကို သရက်ပင်စုကျေးရွာမှ ဒေါ်ခင်မာဝင်းမိသားစုမှ လူမှုရေးလုပ်ငန်းကိစ္စများတွင် အသုံးပြုရန် လှူဒါန်းခြင်းဖြစ်ပြီး ကားတန်ဖိုးမှာ ငွေကျပ် သိန်း ၆၀ ဝန်းကျင်နှင့် ယာဉ်လိုင်စင်အပြီးအစီး ပြုလုပ်လှူဒါန်းကြောင်းသိရသည်။ **ခင်ဦးစိုးဝေ**

# စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲ၊ ရောင်းချသူများအား ကွင်းဆက်ဖြင့် ဖမ်းဆီးရရှိ

**ကျောက်ပန်းတောင်း၊ ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးဝါး ဖြန့်ဖြူး၊ ရောင်းဝယ်၊ သုံးစွဲသူများအား ဇူလိုင် ၁၇ ရက် တွင်ငါးဦးနှင့် ဇူလိုင် ၂၀ ရက်တွင် တရားခံနှစ်ဦး စုစုပေါင်း မူးယစ်တရားခံ ခုနစ်ဦးတို့အား သက်သေပစ္စည်းများနှင့်အတူ ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီက အမှတ်(၁၈) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ် ညီညီလွင်နှင့်အဖွဲ့သည် ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မောင်ဦး၊ ကျောက်ပန်းတောင်းရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ပေါဆွေတို့သည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါး ရောင်းဝယ်မှုသတင်းအရ ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်ကွက်ရှိ ခိုင်စိုးသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ် အိပ်ခန်းကြမ်းခင်းအောက်ခံ ဝါးလုံးခေါင်းအတွင်းမှ WY စာတန်းပါလိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြားသုံးပြားနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသော လက်ကိုင်ဖုန်းနှစ်လုံးတို့အားသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရရှိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားနှင့်ပတ်သက်၍ ၎င်းအားစစ်မေးရာ ကျောက်ပန်းတောင်းမြို့၊ တမ္ပဝတီရပ်ကွက်နေ ဝင်းဌေး(ခ)ဝင်းအောင်ခိုင်ထံမှ ဝယ်ယူကြောင်းသိရသဖြင့် ယင်းနေ့ ၁၂ နာရီခွဲတွင် သက်သေများနှင့်အတူ တမ္ပဝတီရပ်ကွက်နေ ဝင်းဌေး(ခ)ဝင်းအောင်ခိုင် နေအိမ်သို့ ဝင်ရောက် ရှာဖွေစစ်ဆေးရာ ဝင်းဌေး(ခ)ဝင်းအောင်ခိုင်၊ ကျော်နေဇာလင်း၊အေးမင်းစိုးတို့သုံးဦးအား နေအိမ်အိပ်ခန်းအတွင်းတွေ့ရှိရပြီးကျော်နေဇာလင်းခါးကြားရှိ အနက်ရောင်ပိုက်ဆံအိပ်အတွင်းမှ WYစာတန်းပါလိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြားခြောက်ပြား၊ မြန်မာငွေစက္ကူရေရာ ၃၂၀၀၀ ကျပ်၊၎င်းအမည်ပါ ယာဉ်မောင်းလိုင်စင်တစ်ခု၊ လက်ကိုင်ဖုန်းတစ်လုံး၊ ၎င်းစီးနင်းလာသော CZI-125 ဆိုင်ကယ်တစ်စီး၊ အေးမင်းစိုးထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ ၎င်းစီးနင်းလာသော HONDA WAVE ဆိုင်ကယ်တစ်စီး၊ ဝင်းဌေး(ခ)ဝင်းအောင်ခိုင်ထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျော်နေဇာလင်းနှင့် အေးမင်းစိုးတို့အား စစ်မေးရာ စိတ်ကြွရူးသွပ်ဆေးပြားများကို ဝင်းဌေး(ခ)ဝင်းအောင်ခိုင်ထံမှ ဝယ်ယူသုံးစွဲကြောင်း ပြောပြသဖြင့် ဝင်းဌေး(ခ)ဝင်းအောင်ခိုင်အား ဆက်လက်စစ်မေးရာ ကျောက်ပန်းတောင်းမြို့၊ စံပြရပ်ကွက်နေ ဖိုးဇော်(ခ)ဇော်ဇော်မြင့်ထံမှ တစ်ပြားလျှင် ၂၅၀၀ ကျပ်ဖြင့် ဝယ်ယူပြီး ၃၅၀၀ ကျပ်ဖြင့် ပြန်လည်ရောင်းချကြောင်း သိရသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီခန့်တွင်ကျောက်ပန်းတောင်းမြို့၊စံပြရပ်ကွက်နေ ဖိုးဇော်(ခ)ကျော်စွာလင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းရှိ အစိမ်းရောင်သံသေတ္တာအတွင်းမှWY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄ ပြားနှင့် အဖြူရောင်ကော်ဗူးအတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄ ပြား၊ ၎င်းအမည်နှင့်ယာဉ်မောင်းလိုင်စင်တစ်ခု လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆီးရမိခဲ့ပြီး၊ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား ရန်ကုန်မြို့နေ ဒေါ်သီတာအေး (နေရပ်လိပ်စာမသိ)ထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့်အဆိုပါ ဖမ်းဆီးရမိ တရားခံများအား မမစ(ကပတ)၊ မယ(ပ)၂၊ မယ(ပ)၃၊မယ(ပ)၄ တို့ဖြင့် ၂၀၁၄-မူး/စိတ်ပြောင်းဥပဒေပုဒ်မ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

အလားတူပင် ဇူလိုင် ၂၀ ရက် နံနက် ၅ နာရီခွဲခန့်က နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ပေါဆွေသည် သတင်းအရ ကျောက်ပန်းတောင်း-ငွေးချိုသွားကားလမ်း မိုင်တိုင် (၃၉၁/၁ နှင့်၃၉၁/၂)အကြားရှိဇရပ်တွင် နေထိုင်သူ ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်နေ ထက်ဝေအောင်မှာ မူးယစ်ဆေးဝါး သုံးစွဲရောင်းချနေကြောင်း သိရသဖြင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သွားရောက်ရှာဖွေဖမ်းဆီးရာ ထက်ဝေအောင်အား ဇရပ်အတွင်းတွေ့ရှိခဲ့ပြီး၊ ၎င်းလက်ထဲမှ အထုပ်တစ်ထုပ်ကို လွှင့်ပစ်လိုက်သည်ကို တွေ့ရ၍ ရှာဖွေခဲ့ရာအနီရောင်ပလပ်စတစ်ဗူးခွံဖြင့်ထည့်လျက်ပလပ်စတစ်အဖြူရောင်နှင့်ထုပ်ထားသော ၈၈စာတန်းပါစိတ်ကြွ ရူးသွပ်ဆေးပြား၂၁ပြား၊ ၎င်းအိပ်ယာခြေရင်းမှမူးယစ်ဆေးဝါး သုံးစွဲရာ တွင် အသုံးပြုသည့်ပစ္စည်းများ၊ လက်ကိုင်ဖုန်းတစ်လုံး၊ ANBO-125 ဆိုင်ကယ် တစ်စီးတို့အား သိမ်းဆီးရမိခဲ့သည်။

၎င်းစိတ်ကြွရူးသွပ်ဆေးပြားနှင့် ပတ်သက်၍ ၎င်းအားစစ်မေးရာ ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်းမြောက်ရွာနေသူထံမှ တစ်ပြားလျှင် ၂၀၀၀ ကျပ်ဖြင့် ဝယ်ယူသုံးစွဲခဲ့ကြောင်း သိရသဖြင့် ဒုတိယရဲမှူးမင်းသိန်းနှင့်အဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ညွှန်ကြားချက်အရ စတ္တိန်းမြောက်ရွာနေ ဇော်ဝင်းကျော်(ခ)ဖိုးဇော်၏နေအိမ်အား သက်သေများနှင့်အတူဝင်ရောက်ရှာဖွေရာ ဇော်ဝင်းကျော်အား မတွေ့ရှိရဘဲဇနီးဖြစ်သူ မဇင်မာဦးအား တွေ့ရှိ၍ ရှာဖွေရာ ခြံဝန်းမီးစက်တဲ ပစ္စည်းအဟောင်းပုံအတွင်း ဝှက်သိမ်းထားသော ၈၈ စာတန်းပါပန်းရောင်ဆေးပြား ၈၂ ပြားပါ ဗူးတစ်ဗူးနှင့်နေအိမ်ဘီရိုပေါ်ရှိ ဆင်းကဒ်ပါဖုန်းတစ်လုံးတို့အားမဇင်မာဦးမှ ပေးအပ်သဖြင့် သိမ်းဆည်းခဲ့ပြီးဇော်ဝင်းကျော်(ခ)ဖိုးဇော်နှင့် မဇင်မာဦးတို့ အား မယ(ပ)၁/၂၀၁၄၊မူး/စိတ်ပြောင်း ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့်အရေးယူဆောင်ရွက် လျက်ရှိပြီး တရားခံ ဇော်ဝင်း ကျော်(ခ)ဖိုးဇော်မှာ တိမ်းရှောင်လျက်ရှိသဖြင့် အမြန်ဆုံးဖမ်းဆီးပြီး ဥပဒေနှင့်အညီတရား စွဲဆိုတင်ပို့နိုင်ရေး စီစဉ် ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ **(၆၂၈)**


## ဝန်ထမ်းအလိုရှိသည်

"ပံ"ကုမ္ပဏီသည် အဆင့်မြင့် နိုင်ငံခြားမျိုးစေ့များနှင့် အရည်အသွေးကောင်း စိုက်ပျိုးရေးဆေးများကို ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

အထက်ပါမျိုးစေ့နှင့် စိုက်ပျိုးရေးဆေးများအား အရည်အသွေးကောင်း ထွက်ကုန်များရရှိရန်အတွက် စိုက်ပျိုးထုတ်လုပ်သူများအား ကူညီဆောင်ရွက်ရန် အောက်ဖော်ပြပါ အရည်အချင်းမီ ဝန်ထမ်း ကျား(၅)ဦး အလိုရှိပါသည်။

(၁) စိုက်ပျိုးရေးသိပ္ပံဘွဲ့(သို့မဟုတ်) စိုက်ပျိုးရေးဒီပလိုမာရရှိသူ။
(၂) လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
(၃) အသက်(၃၅)နှစ်ထက်မကြီးစေရပါ။
(၄) နယ်မြေဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၅) ကြော်ငြာပါပြီး (၁၅)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ အိမ်ထောင်စုစာရင်းမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူများနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

"ပံ"ကုမ္ပဏီလီမိတက်
အမှတ်-၂၆၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၅၁၅၉၊ ၀၁-၅၁၈၃၈၈၊ ၀၉-၃၃၃၃၃၀၄၇၊ ၀၉-၃၃၃၃၃၀၄၈၊
၀၉-၅၁၀၇၇၆၆၊ ၀၉-၇၃၀၃၀၀၃၂၊ ၀၉-၂၅၀၁၂၁၉၀၁


သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


## ရောင်းမည်

လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး၊ သမကုန်းအဝိုင်းအနီး၊ ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးနေရာရှိ ပေ(၂၀×၆၀)ဂရန် မြေကွက်ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၄၉၉၅၈၊ ၀၉-၇၃၂၃၉၉၀၂



## ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာကျပ်ငွေဖြင့်ခန့်ထားရန်)

- Technical Manager M (2)Posts

B.E (EC or IT) ဖြစ်ရမည်။

PABX, CCTV, Computer Networking နှင့် IT field ပိုင်းတွင် အတွေ့အကြုံ (၅)နှစ်အထက်ရှိရမည်။ သွက်လက်ထက်မြက်ပြီး မိမိ၏ဝန်ထမ်းများအား ဦးဆောင်နိုင်သူ ဖြစ်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ ခရီးထွက်နိုင်ရမည်။

- Service Engineer M (10)Posts

A.G.TI, B.Tech, BE(EP or EC)ဖြစ်ရမည်။

PABX, CCTV, Computer Networking နှင့် IT field ပိုင်းတွင် အတွေ့အကြုံ (၂)နှစ်အထက်ရှိရမည်။ လုပ်ငန်းလိုအပ်ချက်အရ ခရီးထွက်နိုင်ရမည်။

- Secretary F (2)Posts

ဘွဲ့ရရှိပြီး English(4 Skills) ကျွမ်းကျင်ရမည်။ ရုံးလုပ်ငန်းများနှင့် ဌာနဆိုင်ရာများသို့ ဝင်ထွက်သွားလာနိုင်ရမည်။ Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိရမည်။

အထက်ပါရာထူးနေရာအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ သက်ဆိုင်ရာဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာတို့နှင့်အတူ ကြော်ငြာပါသည့် နေ့မှ နှစ်ပတ်အတွင်း Micro Technology Co.,Ltd. တိုက်(၇/၂)၊ အခန်း(၂)၊ ရန်ကင်းအိမ်ရာ၊ ရန်အောင်လမ်းသွယ်(၄)လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၁၂၀၊ ၀၁-၇၀၁၄၁၁သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**E-mail:microtecmyanmar@gmail.com**






# ဟုမ္မလင်း-မုံရွာခရီးစဉ်ကို အမြန်ရေယာဉ်ဖြင့် သွားလာသူများပြား

**ဟုမ္မလင်း ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဟုမ္မလင်းမြို့သို့ သွားရောက်ရာတွင် လေကြောင်းခရီး၊ ရေကြောင်းခရီးတို့ဖြင့် နှစ်မျိုးသွားလာနိုင်သော်လည်း ရေလမ်းခရီးကိုသာ အဓိကအားကိုးပြီး သွားလာသူများပြားကြောင်း သိရသည်။

"ဟုမ္မလင်း-မုံရွာ ခရီးစဉ်ကို ချော်တယ်တွေ၊ အမြန်ရေယာဉ်တွေနဲ့ ခရီးသွားပြည်သူတွေအတွက် သက်သောင့်သက်သာနဲ့ လိုရာခရီးကို ချောချောမွေ့မွေ့ အဆင်ပြေပြေရောက်ရှိစေရန် သက်သာတဲ့နှုန်းထားနဲ့ ကုန်စည်စီးဆင်းမှုများရှိနေစေရန် တစ်ရက်လျှင် အမြန်ရေယာဉ်အလှည့်ကျဖြင့် MGRG၊ ငွေစင်ဦး၊ ရွှေနဒီ၊ သီဟထွန်းဆိုပြီး အလှည့်ကျပြေးဆွဲပေးနေပါတယ်၊ ရေယာဉ်စီးခနှုန်းထားတွေကတော့ မုံရွာ-ကလေးဝ (ရိုးရိုးတန်း) ၆၀၀၀ ကျပ်၊ မော်လိုက် (ရိုးရိုးတန်း) ၇၀၀၀ ကျပ်၊ ဖောင်းပြင် (ရိုးရိုးတန်း)၈၀၀၀ ကျပ်၊ (အထက်တန်း)၁၃၀၀၀ ကျပ်၊ ဟုမ္မလင်းကို (ရိုးရိုးတန်း)၉၀၀၀ ကျပ်၊ (အထက်တန်း) ၁၅၀၀၀ ကျပ် ရှိပါတယ်။ အဓိကတင်ပို့တဲ့ ပစ္စည်းတွေကတော့ ဆန်၊ ကွမ်းရွက်၊ ခရမ်းချဉ်သီး၊ အိမ်ဆောက်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ အလှကုန်တွေ၊ အဝတ်အထည်တွေကို မုံရွာ၊ မန္တလေးမြို့ကြီးတွေကနေ အဓိကတင်ပို့ပေးရပြီး ပြန်လည်တင်ပို့တဲ့ပစ္စည်းတွေကတော့ ဖျာတွေ၊ တောင်းတွေကို ပြန်လည်တင်ပို့ပေးကြပါတယ်"ဟု ခရီးသွားပြည်သူတစ်ဦးက ရှင်းပြသည်။

"ရေကြောင်းဆိုတာက မြင်ရတာလည်း မဟုတ်ဘူးလေ၊ ကျွမ်းကျင်ရတယ်၊ မှတ်ထားရတယ်၊ စည်းဆိုတာကိုလည်း နားလည်ရတယ်၊ ဒိုင်းမွန်းဆိုတာလည်းကြည့်ရတယ်၊ ဒိုင်းမွန်းမကြည့် စည်းမသိရင်တော့ ဒုက္ခရောက်မှာပဲ"ဟု အမြန်ရေယာဉ်မောင်းတစ်ဦးက ပြောသည်။ **(လင်းလက်ကြယ်စင်)**





ဟုမ္မလင်း-မုံရွာခရီးစဉ်ကို ပြေးဆွဲနေသော အမြန်ရေယာဉ်အား တွေ့ရစဉ်။

# ပုဂံခေတ်ပုံပြပွဲနှင့် ပုဂံသူမော်ဒယ် အလှမယ် ပန်းချီ၊ ပန်းပုလက်တွေ့ ရေးဆွဲထုလုပ်

**ရန်ကုန် ဇူလိုင် ၂၃**

ပုဂံသူအနုပညာပြခန်းတွင် ကျင်းပသည့် ပုဂံခေတ်ပုံပြပွဲနှင့် ပုဂံသူမော်ဒယ်အလှမယ် ပန်းချီ၊ ပန်းပုလက်တွေ့ရေးဆွဲထုလုပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် Shwe Gon Plaza Compound ၌ ကျင်းပသည်။

အဆိုပါ ပုဂံခေတ်ပုံပြပွဲနှင့် ပုဂံသူမော်ဒယ် အလှမယ် ပန်းချီ၊ ပန်းပုလက်တွေ့ရေးဆွဲထုလုပ်ပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန ဌာနခွဲမှူး ဦးရန်ငြိမ်းချမ်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပန်းချီ၊ ပန်းပုပညာရှင်များဖြစ်ကြသည့် ကျော်ကျော်မင်း(ပန်းပု)၊ ပန်းချီရွှေမြင့်နှင့် ပန်းချီသာဆန်းတို့က ၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ မယ်ဘွဲ့ပေါင်း ၁၂ ဆုဆွတ်ခူးရရှိခဲ့သော အလှမယ်နှင့် စာရေးဆရာမဖြစ်သည့် မယ်မြန်မာ ခင်သန္တာ၏ ပုဂံသူအနေအထားဝတ်ဆင်ထားသော ရုပ်ပုံတူအား မိမိတို့အတတ်ပညာများဖြင့် အသီးသီးလက်စွမ်းပြသခဲ့ကြသည်။**(အပေါ်ပုံ)**

ပြပွဲအတွင်း ပန်းချီဆရာ ဦးရွှေမြင့်နှင့် အကြိမ် ၅၀ မြောက် တွဲဖက်ပြသခဲ့ဖူးသော ဝါရင့်ပညာရှင် ဦးကျော်ကျော်မင်း(ပန်းပု)က "ဒီနေ့လုပ်တဲ့ပွဲကတော့ တကယ့်ကိုတွဲဖက်ပြီး လုပ်ဆောင်ရတဲ့ ပန်းချီ၊ ပန်းပုလက်တွေ့ပေါင်းစပ်တဲ့ပွဲလေးပါ၊ ပန်းပုပညာက အပေါင်းနည်းနဲ့ အနုတ်နည်းဆိုပြီး နှစ်မျိုးရှိပါတယ်၊ အပေါင်းနည်းကတော့ ဘာမှမရှိတဲ့နေရာကို ပန်းပုထုရင် ရုပ်ပုံပေါ်သွားတယ်၊ အနုတ်နည်းကျတော့ ဥပမာအရ **စာမျက်နှာ ၈ ကော်လံ ၄ သို့** ❖


မာ တိ ကာ

ယဉ်ကျေးမှုအမွေ ထိန်းသိမ်းစို့လေ
ခေါင်းကြီး စာမျက်နှာ - ၂

ရက်လွန်အသားရောင်းသူ ငါးဦးကို တရုတ်၌ ဖမ်းဆီး
နိုင်ငံတကာ စာမျက်နှာ - ၄

လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး ဘဝကြမ်းကြမ်း ဗေဒါပန်း ဇာတ်ကားရိုက်ကူး
အနုပညာ စာမျက်နှာ - ၁၂


# ကလေးမြို့ လေကြောင်းခရီးစဉ်များကြောင့် ခရီးသွားပြည်သူတို့ အဆင်ပြေ

**ကလေး ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ မြန်မာ့လေကြောင်း၊ ကမ္ဘောဇလေကြောင်း၊ Air Bagan လေကြောင်းများ ဆင်းသက်သွားလာပျံသန်းနေကြရာ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ နာရီပိုင်းအတွင်းသွားလာနိုင်သောကြောင့် ချင်းပြည်နယ်မြောက်ပိုင်း ခရီးသွားပြည်သူများနှင့် ကလေးမြို့ကဘော်လွင်ပြင်ဒေသ ခရီးသွားပြည်သူများအနေဖြင့် ဆက်သွယ်သွားလာမှုအဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❀



ကလေးမြို့သို့ ပျံသန်းပြေးဆွဲနေသော လေကြောင်းလိုင်းမှ လေယာဉ်များကို တွေ့ရစဉ်။




MYANMAR GEMMOLOGICAL INSTITUTE
MGI
"ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"

MYANMAR GEMMOLOGICAL INSTITUTE
MGI
လက်တွေ့အသုံးချ ကျောက်မျက်ပညာသင်တန်း
(စိန်၊ ပတ္တမြား၊ နီလာ၊ သီးသန့်)

သာဟန် အင်္ဂလိပ် - မြန်မာ အဘိဓာန်

## ပျောက်ဆုံးကြောင်း

Future Engineering & Communication Co.,Ltd၏ ကုမ္ပဏီမှတ်ပုံတင်ကတ်၊ CRD နှင့် Form 6/26 များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးကြပါရန်။

**ဖုန်း-၀၁-၅၀၈၀၁၇**

ပြည်ပအလုပ်အကိုင် ကြော်ငြာ
Welder
Painter
အမြန်သင်တန်းပေးမည်။

# အခွန်ဆိုင်ရာကိစ္စများ ရှင်းလင်းဟောပြောပေးပါမည်

ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာ မရှင်းလင်းသည်များ၊ အခြားမေးမြန်းလိုသည်များ ရှိပါက မိမိတို့နေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးများထံ တွေ့ဆုံမေးမြန်းနိုင်ပါကြောင်းနှင့် အကယ်၍ မိမိတို့အသင်းအဖွဲ့များတွင်ဖြစ်စေ၊ ရပ်ကွက်များတွင်ဖြစ်စေ အခွန်နှင့်ပတ်သက်သည်များကို လာရောက်ရှင်းလင်း ပြောကြားပေးစေလိုပါကလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများသို့ ဆက်သွယ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

CHANGE MANAGEMENT


VALUESTAR
Early Bird 15% Discount
Financial Accounting — August 7
Human Resource Management — August 3 — Sunday - 7:00 am to 10:00 am
Business Environment — August 1 — Wed,Fri - 7:00 am to 9:00 am
August 4 — Monday - 5:00 pm to 8:00 pm
Available Course:
Marketing Management
Business Management
Strategic Management
Financial Management
Logistics Management
Shop Floor Management
Corporate Training

American International Institute - AMII
Become Certified and Jobs Will Seek You.

- Certified Professional Manager "CPM"
- Certified Marketing Professional "CMP"
- Certified Human Resources Manager "CHRM"
- Certified Marketing Manager "CMM"
- Certified Sales Manager "CSM"
- Certified Financial Manager "CFM"
- Certified Public Relation Manager "CPRM"
Opening Date 26 July 2014
MCC Training Institute (Yangon Campus) (Mandalay Campus)
Hot Line : 246634, 2304156
Junction Square, Building (8), Second Floor, Pyay Road and Kyuntaw Street, Yangon.

ရွှေမိမာန် အားတိုးဆေး

Tah Ieo Gold

စိန်ရွှေရတနာဆိုင်

● အမှတ်(၇၅)၊ လှည်းတန်းလမ်းမ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၅၂၆၂၀၄၊ ၅၁၂၉၂၂၊ ၅၀၁၁၀၄၊ ၅၁၂၆၉၆

## ဖိတ်ကြားအပ်ပါသည်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကံ(၅)ရွာ၊ ဓူတင်ကျင့်ဆောင်ကျောက်ဂူဆရာတော် ဉူးကုန္ဒာစရိယ(ယော)သည် သုံးဆယ်မြို့၊ ဓမ္မသုခကျောင်းတိုက်တွင် ဝါဆိုဝါကပ်ပါသည်။ တရားအားထုတ်လိုသူများ၊ ဆရာတော်အား ဖူးမျှော်ကြည်ညိုမည့်သူများ၊ ရပ်နီးရပ်ဝေးမှဓမ္မမိတ်ဆွေများအား နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ကြားအပ်ပါသည်။

**ဒါယကာ၊ ဒါယိကာမများ**

**ဆက်သွယ်လိုပါက ဖုန်း-၀၉-၅၁၇၆၂၃၅၊ ၀၉-၅၁၇၄၅၉၂၊ ၀၉-၅၅၀၂၃၅၅**

## ၁၉၆၅ စိုက်ပျိုးရေးတက္ကသိုလ်ရောက်ရောင်းရင်းများ

နှစ်(၅၀)အကြာ ပြန်ဆုံချင်ပါတယ်။ သင်ကြားပေးခဲ့တဲ့ ဆရာတွေကို ကန်တော့ကြမယ်။ ၂၀၁၅ ဇန်နဝါရီ ရေဆင်းဆရာကန်တော့ပွဲအမီ ဆက်သွယ်ပါ။

ရန်ကုန် - ခင်မောင်ဦး-၀၉-၆၅၀၀၁၄၂၊ စန်းမြင့်-၀၉-၄၃၀၈၂၆၆၀၊ ကြည်ဟန်-၀၉-၅၀၂၇၈၄၀

မန္တလေး - ကျော်တင့်-၀၂-၆၀၂၇၈၊ မိုးဟိန်း-၀၉-၂၁၅၀၇၉၂

**(နေ့ရက်၊ အချိန်၊ နေရာ ထပ်ပြောပါမယ်)**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဖေဖေ၊ မေမေတို့၏ အချစ်ဆုံးသမီးလေး **"ဆုပြည့်မြတ်ဦး"**၏ ၂၄-၇-၂၀၁၄ ရက်တွင် ကျရောက်သော (၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာပြီး အများအကျိုးသယ်ပိုးနိုင်သော သမီးကောင်းရတနာလေး ဖြစ်ပါစေ။

ဘိုးဘိုး၊ ဘွားဘွားများနှင့်
ဖေဖေ - ဦးမြတ်ဦး(High Tech Concrete Co.,Ltd)
မေမေ - ဒေါ်ရင်မင်းထွေး[အလုပ်ရုံစုမှူး (QC Dept)၊ အမှတ်(၁)ဆေးဝါးစက်ရုံ၊ စက်မှုဝန်ကြီးဌာန]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ)၊ ကံဘဲ့၊ မြေကွက်အမှတ်-၁၈/၄ နှင့် ၁၉/ဆ၊ မြေကွက်တည်နေရာ အမှတ်(၄)၊ သဇင်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်နီနီတင်အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ) မြေအား ဒေါ်နီနီတင်ထံမှ အပိုင်ပေးစာချုပ် ၇၁၉၈/၁၁(၁၅-၁၁-၂၀၁၁)ဖြင့် ပိုင်ဆိုင်မှုထက်ဝက်အား ပိုင်ဆိုင်သူ ဗိုလ်မှူးချုပ်ဝင်းတင်[၁၂/မရက(နိုင်)၀၃၆၇၆၈]က အမည်ပေါက် ဒေါ်နီနီတင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်းခြင်း

ဟင်္သာတမြို့ အလက(၃) အဌမတန်း(A)တွင် တက်ရောက်နေသော အဖဦးအုန်းလွင်၏သား၊ မောင်အာကာစိုးမိုးလွင်အား မောင်ထွန်းအောင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အမှတ်(၄၃)၊ အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်း (B)တွင် ပညာသင်ကြားနေသော မမြတ်ဖူးသစ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း[၁၀/မဒန(နိုင်)၁၅၈၄၁၀] ဖြစ်ပါသည်။

**ဦးအောင်ဆန်းဝင်း**

## EAGLE GUEST HOUSE

EAGLE

ဖုန်း - 09 5177953, 09 5418022

CPA-Auditing

MFRS

Auditing Update

Company Finance

(Financial Management နှင့် Management Accounting ...)

## အိမ်ခြံမြေကွက်ရောင်းမည်

ရွှေပြည်သာမြို့နယ်၊ ၈/၃၂ရပ်ကွက်၊ ပေ(၄၀×၆၀)၊ (၂)ကွက်တွဲ၊ ပုလဲလမ်းမကြီးနီး၊ ခြံခတ်၊ မြေဖို့၊ ပျဉ်ထောင်အိမ်(၂)လုံး၊ ရေ၊ မီး၊ အစုံပါ၊ ပါမစ်မြေ။

ပေ(၄၀×၆၀)တစ်ကွက် သိန်း ၁၅၀၀၊ (VIP-2)ရပ်ကွက်။

**ဆက်သွယ်ရန်ဖုန်း-၆၄၇၀၅၆၊ ၀၉-၅၀၇၉၆၁၇**

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ

## သာယာလှပ

## စိမ်းမြမြ

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

စမ်းချောင်း၊ ပန်းတနော်လမ်း၊ ပထမထပ်၊ အဆင့်မြင့်ပြင်ဆင်ပြီး။ ပေ(၂၂×၄၅)

ဖုန်း-၂၄၀၂၁၄၊ ၀၉-၂၅၀၁၉၆၀၆၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂/မြောက်၊ မြေကွက်အမှတ်(၄၄၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၄၄၃/ခ)၊ အနော်မာ(၂၀)လမ်းအရှေ့၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးပန်းရည်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးပန်းရည်(ဖခင်)နှင့် ဒေါ်မြခိုင်(မိခင်)တို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်မှုစာချုပ်အမှတ်-၂၆၈၀/၁၄(၁၀-၅-၂၀၁၄)ဖြင့်ပိုင်သူ ဒေါ်မြတ်သက်ရည်[၁၂/သကတ(နိုင်)၀၁၅၁၈၄]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၅၈၄/၂၀၁၄)ရသူ ဦးအောင်မြင့်[၇/ဒဥန(နိုင်)၀၀၂၄၂၂]မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်နှင့် ကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၄၇/က)၊ မြေကွက်တည်နေရာအမှတ်(၄၁/က)၊ (၅၇)လမ်း၊ (၇)ရပ်ကွက်၊ မတင်တင်စီ အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ)အား မြေကွက်၏ ဧရိယာ(၀. ၁၃၇)ဧကအနက်မှ မခွဲမစိတ်ရသေးသောပေ(၂၅× ၁၀၀)ကို အမည်ပေါက်ထံမှ လှိုင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁/၂၀၀၆၊ တရားမဇာရီမှုအမှတ် ၃/၂၀၀၇၊ အရောင်းအဝယ်စာချုပ်အမှတ်-၂၃၀၅/၁၉-၆-၂၀၀၇တို့ဖြင့် ပိုင်ဆိုင်လာသူ ဦးအောင်ဝင်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကြူကြူစိန် [၁၂/လမန(နိုင်)၀၀၂၂၁၂]က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ်အမှတ် ၂၃၀၅/၁၉-၆-၂၀၀၇ နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၈၆၁/ ၃-၆-၂၀၁၄တို့တင်ပြ၍ ဒေါ်ကြူကြူစိန်ထံမှ (G.P)ရသူ ဦးအောင်ကျော်စိုး[၁၁/သတန(နိုင်)၀၀၅၇၃၀]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ကြည်ကြည်[၁၂/ဥကတ(နိုင်)၀၀၃၆၈၅]၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း- ၀၉-၅၁၅၄၇၄၉**

## ဦးစောမြင့် B.A (Korean) Y.U.F.L

E.P.S TOPIK

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉-၄၃၀၉၇၅၁၇

## ကန့်ကွက်နိုင်ပါသည်။


A FREE PUBLIC SEMINAR ON
Cultural Intelligence
BY PROF. DR. AUNG TUN THET
7DAY DAILY


PUN HLAING HOSPITAL
အလှအပနှင့်အရေပြားဆိုင်ရာခွဲစိတ်ကုသမှုအထူးအစီအစဉ်


AGD BANK
Asia Green Development Bank Limited
၉%
(၁)လ
၉.၂၅%
(၃)လ
၉.၅%
(၆)လ
၉.၇၅%
(၉)လ
၁၀%
(၁)နှစ်
FIXED DEPOSIT
စာရင်းသေအပ်ငွေ
AGD BANK (HEAD OFFICE)
24 Hour Call Center
www.agdbank.com
www.facebook.com/AGDBANK

HILTON HHONORS



DISCOVER A WORLD OF OPPORTUNITIES

Eden Hotels & Resorts in partnership with Hilton Worldwide is opening Hilton Nay Pyi Taw and Hilton Ngapali in 2014.
Hilton Worldwide is one of the largest hospitality companies in the world and we are growing faster than ever.
Team Members at Hilton Hotels & Resorts welcome Guests in more countries than any other full-service hotel brand.
Join us if you know how to make people feel cared for, valued and respected.

We are inviting applicants to join us in the following departments for all positions, from junior roles to department heads:

Human Resources, Sales & Marketing, Front office, Concierge & Bell, Food and Beverage, Kitchen and Stewarding, Housekeeping & Laundry, Finance & I.T., Executive Office, Security, Spa & Fitness Center, Engineering

Please send an up-to-date English CV with a recent photograph to **NYTHZ_HRD@hilton.com** and **hr@edenhotelsandresorts.com**
or you may post or submit your application in person to:

Human Resources Department
**Eden Hotels & Resorts (Head Office)**
23/25 Kaba Aye Pagoda Road, Golden Valley Ward No. 2, Bahan Township, Yangon, Myanmar
T: + 95 1 8603204 ~ 08  F: + 95 1 8603328  E: info@edenhotelsandresorts.com

(Only shortlisted candidates will be contacted for interviews in Yangon or Nay Pyi Taw or Ngapali.)

Hilton HOTELS & RESORTS | EDEN Hotels & Resorts



# 4TV နှင့် 5 NETWORK ပရိသတ်ကြီးအတွက် အထူးသတင်းကောင်း

ရန်ကုန်မြို့နှင့်အနီးတဝိုက်ရှိ ပရိသတ်များအတွက် ဇူလိုင်လ (၂၀) ရက်နေ့မှစ၍

| | | | |
|---|---|---|---|
| HD PREMIUM PACKAGE | 80+ CHANNELS | 7500 | KS/MONTH |
| HD COMBO PACKAGE (4TV + 5NETWORK) | 80+ CHANNELS | 8100 | KS/MONTH |

- ရန်ကုန်မြို့နှင့် အနီးတဝိုက်ရှိ customer များအနေဖြင့် ... (၈၀) ကျော်ပါဝင်သော 4TV HD ချန်နယ် Packages များအား ... 4TV HD Receiver များကို ... 4TV Digital Showroom များတွင် ... (ယခင် Packages များဖြင့် ... Customer များအတွက်သာ)

DVB-T/ T2 ... ⟶ 4TV HD Receiver ... 20,000 ks

HOT LINE 01-2306166

MRTV-4 HD, Channel 7 HD, HBO HD, MRTV, MRTV-4, Channel 7, Discovery, Animal Planet, TLC, Nat Geo Wild, HBO, Cinemax, KBS, CCTV, DW, bio., FOX CRIME



4+5 ပရိသတ်ကြီးအတွက် အထူးသတင်းကောင်း
PLUS PACKAGE 22 Channels 4,000 Ks / Month
SPORTS PACKAGE 28 Channels 5,900 Ks / Month
DVB-T
DVB-T2




Get lucky twice
Travel with MAB World Travel Money Card & Win many prizes
Congratulations!
to all the Entry Prize winners
Promotion Period
6th of June – 30th of September, 2014
Samsung Galaxy S5
Apply now for MAB Card and have the chance to win Samsung Galaxy S5
www.mabbank.com

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများမှ စီစဉ်ကျင်းပသော

**ICT Products, Solutions & Edu Fair 2014**

၂၀၁၄ - ခုနှစ်၊ ဇူလိုင် (၂၅)ရက် နေ့မှ (၂၇)ရက်နေ့ထိ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

3 Zones — Solutions, Education, Products

MCPA Yangon | MCIA Yangon

- Products Zone တွင် Computer နှင့် Mobile ဆက်စပ်ပစ္စည်းများ၊
- Solutions Zone တွင် Online Banking အပါအဝင် ICT Solutions များ၊
- Education Zone တွင် နိုင်ငံတကာအဆင့်မီ ကွန်ပျူတာသင်တန်းကျောင်းများ၊
- နည်းပညာပြကွက်များ ခင်းကျင်းပြသထားမည့် Technology Corner
- ပြပွဲရက်အတွင်းပေးမည့် Discount အစီအစဉ်များ၊
- အခမဲ့ သောက်သုံးနိုင်မည့် Coffee Counter
- အခမဲ့ စီးနင်းနိုင်သော Shuttle Bus
- အခမဲ့ အလုပ်လျှောက်နိုင်သော Job Opportunities

နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

Technology Partner by Assembler automation

Media Partner by INTERNET JOURNAL, NetGuide, techspace, Wizen









**စာအုပ် စာပေ လူ့မိတ်ဆွေ**



ဆရာအာသာ SUCCESS Language Academy

လည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉) Y.W.C.A

Ph: 202046, 392048

Ph: 01-603472, 09 73081443

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 6:30 - 8 | (Mon - Thurs) | 28 July |
| 6 - 7:30 | (Mon - Thurs) | 28 July |
| 1 - 2:30 | (Mon - Thurs) | 4 Aug |
| 1 - 4:00 | (Sat + Sun) | 10 Aug |
| 10-11:30 | (Mon - Thurs) | 11 Aug |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 27 July |
| 1 - 2:30 | (Mon - Thurs) | 30 July |
| 6:30 - 8 | (Mon - Thurs) | 6,13 Aug |
| 1 - 2:30 | (Mon - Thurs) | 13 Aug |
| 1 - 4:00 | (Sat + Sun) | 17 Aug |

| BASIC WRITING | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 8 Aug |
| 10-11:30 | (Mon - Thurs) | 25 Aug |

| PRE-INTERMEDIATE | | |
|---|---|---|
| 10-11:30 | (Mon - Thurs) | 28 July |
| 1 - 4:00 | (Sat + Sun) | 2 Aug |
| 9 - 12:00 | (Sat + Sun) | 10 Aug |

| INTERMEDIATE | | |
|---|---|---|
| 10 - 11:30 | (Mon - Thurs) | 31 July |
| 1 - 2:30 | (Mon - Thurs) | 25 Aug |

| VOCAB ENRICHMENT | | |
|---|---|---|
| 7:30 - 9 | (Mon - Thurs) | 31 July |
| 1 - 2:30 | (Mon - Thurs) | 13 Aug |

| BASIC GRAMMAR | | |
|---|---|---|
| 3:30 - 5 | (Mon - Thurs) | 13 Aug |

| INTERMEDIATE GRAMMAR | | |
|---|---|---|
| 7:30 - 8:30 | (Sat + Sun) | 10 Aug |

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 3:30 - 5 | (Mon - Thurs) | 30 July |
| 3:30 - 5 | (Mon - Thurs) | 30 July |

| PRE-INTERMEDIATE | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 10 Aug |
| 7:30 - 9 | (Mon - Thurs) | 27 Aug |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 3:30 - 5 | (Mon - Thurs) | 30 July |
| 6 - 7:30 | (Mon - Thurs) | 13 Aug |
| 7:30 - 9 | (Mon - Thurs) | 25 Aug |
| 10-11:30 | (Mon - Thurs) | 25 Aug |

| IELTS (Preparation) | | |
|---|---|---|
| 1 - 4:30 | (Sat + Sun) | 20 July |
| 7:30-9:30 | (Mon - Thurs) | 18 Aug |
| 1 - 3:30 | (Mon - Thurs) | 28 Aug |

| IELTS Exam Practice | | |
|---|---|---|
| 3:30 - 5 | (Mon - Thurs) | 14 July |

| IELTS (Speaking) | | |
|---|---|---|
| 1 - 2:30 | (Mon - Thurs) | 11 Aug |

| IELTS (Reading) | | |
|---|---|---|
| 7:30-9:30 | (Mon - Thurs) | 28 July |

| IELTS (Writing) | | |
|---|---|---|
| 7:30 - 9 | (Mon - Thurs) | 14 July |


**GCE TUTOR**

6. The probabilities of three teams, A, B, and C, winning a football competition are $\frac{1}{4}$, $\frac{1}{8}$ and $\frac{1}{10}$ respectively. Assuming only one team can win, find the probability that either A or B wins. Find also the probability that neither A nor C wins.

**Solution**

Given: $P(A\ wins) = \frac{1}{4}$

$P(B\ wins) = \frac{1}{8}$

$P(C\ wins) = \frac{1}{10}$ only one team can win

To find: P (either A or B wins) and P (neither A nor B wins)

Since only one team can win, the events are mutually exclusive. P (either A or B wins)

$= P(A\ wins) + P(B\ wins)$

$= \frac{1}{4} + \frac{1}{8} = \frac{2+1}{8} = \frac{3}{8}$

$P(A\ or\ C\ wins) = P(A\ wins) + P(C\ wins)$

$= \frac{1}{4} + \frac{1}{10} = \frac{5+2}{20} = \frac{7}{20}$

$P(neither\ A\ nor\ C\ wins) = 1 - P(A\ or\ C\ wins)$

$= 1 - \frac{7}{20} = \frac{13}{20}$

Ans: $\frac{3}{8}$, $\frac{13}{20}$